# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်ကြမည့် ခေတ်အဆက်ဆက်နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသော နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် ၎င်းတို့ ခေတ္တတည်းခို နေထိုင်သည့် နေပြည်တော်ရှိ ဘုရင့်နောင်ညှော့ရိပ်သာ၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

*စာမျက်နှာ ၆ ကော်လံ ၁* ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးစန်းယု၏ သမီး ဒေါ်လဲ့လဲ့ယုအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အားပေးစကားပြောကြားစဉ်။

**ယနေ့** *ဖတ် စ ရာ*


ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
ထုတ်ပြန်ချက် | စာ - ၉

*(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး*
စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်
ဆောင်းပါး | စာ - ၁၀

ဂျပန်နိုင်ငံရှိ အသက် ၁၈ နှစ်အရွယ် ၁ ဒသမ ၁၂ သန်းမှာ နှစ်သစ်ကူးနေ့ ပါဝင်ဆင်နွှဲမည်





နိုင်ငံတကာသတင်း | စာ - ၁၄

အကောင်းဆုံး နှစ်သစ်ကို ဖြတ်သန်းဖို့ သန္နိဋ္ဌာန်တွေချကြစို့
ဆောင်းပါး | စာ - ၁၆

# သမိုင်းကောင်းကို ဖန်တီးနိုင်မည့် အခွင့်အရေးကောင်းကို အရယူ

ယနေ့သည် ခရစ်နှစ် ၂၀၂၃ ခုနှစ် အစပြုသည့် နှစ်သစ်၏ ပထမဆုံးနေ့ဖြစ်သည်။ ၂၀၂၂ ခုနှစ်သည် ယမန်နေ့တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော အချိန်ကာလ ယန္တရားကြီးကို ပိုင်းခြားစိတ်ဖြာ၍ ယနေ့၊ ယမန်နေ့၊ နှစ်သစ်၊ နှစ်ဟောင်း စသည်ဖြင့် ဆိုကြစေကာမူ အချိန်ကာလသည် တစ်ဆက်တစ်စပ်တည်းသာ ဖြစ်သည်။ ယမန်နေ့က ကျန်ရစ်ခဲ့သည့် ပြဿနာကိစ္စတို့ကို ယနေ့ဆက်လက်ဆောင်ရွက်ရဦးမည်။ အတိတ်ကာလ၏ ဆိုးမွေကောင်းမွေတို့ကို ပစ္စုပ္ပန်တွင် ခံယူ၍ အနာဂတ်ကို ကောင်းမွန်အောင် တည်ဆောက်ကြရဦးမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့သည် မိမိတို့ နိုင်ငံနှင့် လူမျိုးတို့ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါး လူမျိုးက ကျူးကျော်သိမ်းပိုက်ကျွန်ပြုခံခဲ့ရသည့်ဘဝမှ ပြန်လည်လွတ်မြောက်ခဲ့ရသည့် ၇၅ နှစ်ပြည့်မြောက်သောနေ့၊ တစ်နည်းအားဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝကို ပြန်လည်ရရှိခဲ့သည့်တိုင် သမိုင်းစဉ်တစ်လျှောက် အတူတကွ နေထိုင်ခဲ့ကြသည့် ညီအစ်ကိုမောင်နှမများအကြား တိုင်းတစ်ပါးသားတို့ ဖန်တီးထားခဲ့သည့် ပြဿနာမှာ ထုထည်ပမာဏကြီးသည်ထက်ကြီးမားလာပြီး လက်နက်စွဲကိုင် တိုက်ခိုက်ကြသည့်အဆင့်သို့ ရောက်ရှိခဲ့ရသည်။ စင်စစ်အားဖြင့် မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများတွင်လည်း လူမျိုးတစ်မျိုးတည်းရှိနေခြင်း မဟုတ်ဘဲ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့်တိုင် မြန်မာနိုင်ငံကဲ့သို့ ပြဿနာမဖြစ်ကြ။ ပြဿနာမဖြစ်၊ ပဋိပက္ခမဖြစ်သည့်အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ဖောက်ချလုပ်ကိုင်နိုင်သည့်အတွက် နိုင်ငံနှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်ခြင်း၊ သာယာဝပြောခြင်းဟူသော အကျိုးတို့ကို ခံစားကြရသည်။

လက်နက်ကိုင်ပဋိပက္ခနွံအတွင်းမှ ရုန်းမထွက်နိုင်ဘဲ စစ်မီးတောက်လောင်နေသရွေ့ လွတ်လပ်ရေး၏ အရသာနှင့် နှစ်ပေါင်းများစွာ ဝေးကွာနေဦးမည်ဖြစ်ရာ ယခု ၇၅ နှစ်တာကာလတွင် ရပ်တန့်သင့်ကြပြီဖြစ်သည်။ "၂၀၂၃ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ ၇၅ နှစ်ပြည့် စိန်ရတုတိုင်ခဲ့ပြီဖြစ်သလို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ခံစားဖို့ အစပျိုးတဲ့ နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးအချိုးအကွေ့တစ်ခုမှာ သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်မယ့် အခွင့်အရေးကောင်းတစ်ခုကို တိုင်းရင်းသားပြည်သူတွေ ပိုင်ဆိုင်ခွင့်ရတဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် ဒီအခွင့်အရေးကို အရယူနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု၍ နိုင်ငံတော်အကြီးအကဲက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ဆိုထားသည်ကိုလည်း သတိမူကြရန်လိုသည်။

စစ်ရေးနည်းလမ်းဖြင့် ၇၅ နှစ် ကြာသည့်တိုင် အဖြေမထွက်သည့် နိုင်ငံရေးပုစ္ဆာအတွက် ငြိမ်းချမ်းစွာအဖြေရှာရန် နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်တောင့်တနေကြသည်မှာ ကြာမြင့်လျက်ပင်ရှိနေပြီဖြစ်သည်။ လူ့ဘဝခဏတာတိုတိုလေးအတွင်းမှာ စိုးရိမ်ကြောင့်ကြနေရသည့်ဘဝ၊ ငတ်မွတ်တောင့်တနေရသည့်ဘဝတို့ကို မည်သူမျှမလိုချင်။ ကြောင့်ကြမှုမှ ကင်းဝေးခြင်း (Freedom of Fear)၊ တောင့်တမှုမှ ကင်းဝေးခြင်း (Freedom of Wants) တို့ဖြင့် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်ကို တောင်ပေါ်မြေပြန့်နေ လူအားလုံးအတွက် အပြုသဘောဆောင်သော မေတ္တာနှလုံးသားဖြင့် တက်ညီလက်ညီ တည်ဆောက်နိုင်ကြစေရေး နှစ်သစ်မင်္ဂလာအခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။ ။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## လွတ်လပ်ပန်းမို့ မနွမ်းစေချင်

☆ အဘိုးနဲ့ အဘွားတို့
ပျိုးထားလို့ သန်ရှင်။
ဖူးပွင့်နွယ် အင်္ဂအင်္ကင်းတွေနဲ့
ခူးချင့်ဖွယ် ထုံထုံသင်းပါဘိ
ဝင်းလဲ့စည်ပင်။
တို့ပိုင်တဲ့ မြေပေါ်တွင်
တို့မြင်ရ အလှဆန်း။
ဘိုးဘွားမွေ အထွတ်မြတ်
လွတ်လပ်တဲ့ပန်း။

☆ အဖေနဲ့ အမေတို့
ကြိုးစားလို့ အားမာန်ချီ။
ဘိုးအမွေ အဖေ့အတွက်
ဘွားအမွေ အမေ့လက်
ဆက်ခံခဲ့သည်။
ရှုမညောင်းပေဘု
ဥဒေါင်းငှက် ကဟန်ချီ
တို့ရွှေပြည် ရှုမဆုံး။
ကမ္ဘာအသိပေပေါ့
မြန်မာ၏အလံ အနီရောင်သန်းပါလို့
ဇာတိမာန် ဂုဏ်ရည်လွှမ်းတဲ့
ပန်းရနံ့ ဖုံး။

☆ အဖေ့သမီး အမေ့သား
မြေးမြစ်များ လက်ထက်တွင်။
အလှတွေ နှစ်ဆတိုးစေဖို့
မြန်မာ့မြေ မြန်မာ့အကျိုးအတွက်
နိုးကြားစေချင်။
လွတ်လပ်ရေး ပန်းတစ်ပင်
လန်းရှင်ဖို့ အစဉ်တွေး။
သူ့အလှ ကိုယ်မဖျက်သည်သို့
ကိုယ့်အလှ သူလာဖျက်လျှင်လည်း
အမျက်မာန် ဆယ်ပြန်တင်းပါလို့
အဖျက်ရန် အမြန်ကင်းအောင်
ရှင်းကြစို့လေး။ ။

မြင်းမူမောင်နိုင်မိုး

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် "ရဋ္ဌနန္ဒက" ဆင်ဖြူတော်ပုံဖြင့် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်




"ရဋ္ဌနန္ဒက" ဆင်ဖြူတော်ပုံဖြင့် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁)မျိုးအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နှစ်သစ်ကူး သြဝါဒကထာ

ဘုန်းဘုန်းအနေဖြင့် နှစ်သစ်ကူးမင်္ဂလာရှိ၍ ရောဂါတို့မှ ပျောက်ကင်းစေရန်အလို့ငှာ သိဒ္ဓိပေါက် ဘုရားဂုဏ်တော် ၁၃ ပါး ဂါထာတော်ကို သြဝါဒကထာအဖြစ် မိန့်ကြားလိုပါသည်-

**သိဒ္ဓိပေါက် ဘုရားဂုဏ်တော် ၁၃ ပါး**

**အရဟံ ဗဟိအန္တဇယံ သုဂတံ**

**အမိတံ ဝိရဇံ လလိတံ အတုလံ။**

**စရဏံ တိဘဝူပသမံ ယမကံ၊**

**သုခဒံ သရဏံ ပဏမာမိ ဇိနံ။**

(၁) အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို၊ အဟံ - တပည့်တော်သည်၊ ပဏမာမိ - ရှိခိုးပါ၏

(၂) ဗဟိအန္တဇယံ - အတွင်းအပရန်ကို အောင်မြင်သော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၃) သုဂတံ - ကောင်းသော စကားကို ဆိုတော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၄) အမိတံ - မနှိုင်းယှဉ်နိုင်သော တန်ခိုး ရှိတော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၅) ဝိရဇံ - ကိလေသာမြူ ကင်းတော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ - ရှိခိုးပါ၏။

(၆) လလိတံ - တင့်တယ် သပ္ပာယ်တော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၇) အတုလံ -အတုမရှိသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၈) စရဏံ - အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၉) တိဘဝူပသမံ - ဘုံသုံးပါး၌ ကိလေသာမြူ ငြိမ်းအေးတော် မူသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၁၀) ယမကံ - ရေမီးအစုံတံခိုးပြာဋိဟာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ -ရှိခိုးပါ၏။

(၁၁) သုခဒံ - ချမ်းသာအဝဝကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၁၂) သရဏံ -ကိုးကွယ်အားထားရာ ဖြစ်သော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

(၁၃) ဇိနံ -မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။

ဘုရားဂုဏ်တော်ပွားများသောသူသည် အစစ ဆောင်ရွက်သမျှကိစ္စတွေ ပြီးမြောက်သည်။ သိဒ္ဓိပေါက် တန်ခိုးရှိပေသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံးနီးပါး ဘုရားရှင်၏ တန်ခိုးတော်ကြောင့် (ကိုဗစ်-၁၉)ရောဂါ ကမ္ဘာမှာ အနည်းဆုံးလောက် ကင်းရှင်းကြပေသည်။ လူတိုင်းရွတ်ဖတ်ပွားများကြလျှင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ



လုံးဝပျောက်ကွယ်သွားမည်ဟု ယုံကြည်ပါသည်။ သို့အတွက် နှစ်သစ်ကူးမင်္ဂလာရှိ၍ ရောဂါဆိုးတို့မှ ပျောက်ကင်းသွားအောင် လူတိုင်းလူတိုင်း ဤသိဒ္ဓိပေါက်ဂါထာကို ရွတ်ဖတ်ကြပါဟု ဘုန်းဘုန်း တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နှစ်သစ်ကူးသြဝါဒကထာ

**လေးဖြာသင်္ဂဟ မြတ်ဓမ္မ နိစ္စအမြဲ စိတ်ဝယ်စွဲ**

ယနေ့သည် ခရစ်နှစ် ၂၀၂၂-ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၃-ခုနှစ်သို့ ရောက်ရှိသည့် ကမ္ဘာ့နှစ်သစ်ဦး မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုလို ကမ္ဘာ့နှစ်သစ်မင်္ဂလာကို နေ့ထူးနေ့မြတ်မှစ၍ နိုင်ငံသူ၊ နိုင်ငံသားများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဘေးဥပါဒ်အန္တရာယ် ရန်စွယ်ဟူသမျှ၊ အနှောင့်အယှက်ဟူသမျှ ကင်းစင်ပပျောက်၍ လိုရာဆန္ဒအဝဝတို့ ပြည့်စုံကြစေရန်-

**သင်္ဂြိုဟ်ဓမ္မ၊ သင်္ဂဟကား၊ ဒိဋ္ဌ တမလွန်၊ နှစ်တိုင်ခိုင်ပြီး၊ အကျိုးကြီး၏၊**

**ထီးလိုမင်းလို၊ များကြည်ညိုသည့်၊ လူဗိုလ်မြတ်လေး၊ ရှိနတ်ဆေးတည့်...** ဟူသော မဃဒေဝလင်္ကာသစ်၌ မိန့်ဆိုထားသည်နှင့်အညီ ယခုပစ္စုပ္ပန်ဘဝမှာရော နောင်တမလွန်ဘဝမှာပါ အကျိုးကျေးဇူးများ၍ အများ၏ ကြည်ညိုခြင်းကို ခံရနိုင်ခြင်း၊ အတွေ့အကြုံရသမျှသော လူ၊ ဗိုလ် ပရိသတ်တို့၏ ချစ်မြတ်နိုးမှုကိုခံရခြင်း စသောအကျိုးတရားများကို ဖြစ်ပေါ်စေနိုင်သဖြင့် နတ်ဆေးသဖွယ် အစွမ်းထက်လှသော-

- **တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ပေးကမ်းစွန့်ကြဲခြင်း**
- **ယဉ်ကျေးသိမ်မွေ့ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း**
- **သူတစ်ပါးတို့၏ ဆောင်ရွက်ဖွယ်ကိစ္စများကို ကူညီဆောင်ရွက်ပေးခြင်း**
- **ကိုယ်နှင့်တန်းတူထား၍ အခြားသူများကို ပေါင်းသင်းဆက်ဆံခြင်း၊ ဟူသော -**

လေးဖြာသင်္ဂဟ မြတ်ဓမ္မကို နိစ္စအမြဲ စိတ်ဝယ်စွဲ၍ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကမ္ဘာသူ၊ ကမ္ဘာသားတိုင်း လိုက်နာဆောင်ရွက် နိုင်ကြပါစေကြောင်း မေတ္တာရေလောင်းလျက် နှစ်သစ်မင်္ဂလာ ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။ ။

# အောင်ဆန်းဆရာတော် (ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)၏ နှစ်သစ်ကူး သြဝါဒကထာ

၂၀၂၂-ခုနှစ်မှ၂၀၂၃-ခုနှစ်သို့ နှစ်ကူးတဲ့အခါမှာ နှစ်ဟောင်းကမကောင်းမှုတွေပျောက်ပြီး နှစ်သစ်မှာ ကောင်းမှုတွေရောက်ရှိအောင် နှစ်ဦး၊ နှစ်သစ်မင်္ဂလာအတွက် ကမ္ဘာသူ ကမ္ဘာသား၊ တိုင်းသူပြည်သားအပေါင်းတို့ကို မေတ္တာခတ်များမျှဝေပြီး မေတ္တာပို့ပေးပါ့မယ်။

ကိုယ်စီကိုယ်င ကိုယ့်ဒေသ၌ ပျော်စံရာသတ္တဝါတို့သည် အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သစ်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် ဆန်းပွင့်ကြကုန်သည်ဖြစ်၍ ကောင်းစွာမိုးသောက် အလင်းရောက်လျက် ထမြောက်နိုးကြား နိုင်ကြပါစေကုန်သတည်း။ အပယ်ဒုက္ခတိ ရောက်မည့်အကြောင်း မကောင်းမှုဒုစရိုက်မျိုးကို သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။ အလောင်းအလျာအဖြစ် ကောင်းရာသိ သုံးဖြာဆယ့်လေးပါရမီအပေါင်း အကျင့်ကောင်းကို တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်၍ မလွဲပုံသေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

၂၀၂၂-ခုနှစ်ကနေ ၂၀၂၃-ခုနှစ်ကို နှစ်သစ်ကူးပြောင်းသွားတဲ့အခါမှာ နှစ်ဦးမင်္ဂလာအနေနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ခုနစ်ရက်သားသမီးများနဲ့ ကမ္ဘာသူကမ္ဘာသားအပေါင်း ကျန်းမာချမ်းသာ ကြည်ကြည်လွင်လွင် ရွှင်ရွှင်ပျပျဖြင့် အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဖြစ်စေပြီး မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ကောင်းကျိုးချမ်းသာများ ရရှိခံစားစံစားနိုင်ကြပါစေ။ နံနက်မိုးသောက်အလင်းရောက်တဲ့အခါ ကောင်းသောစိတ်၊ ကောင်းသောစကား၊ ကောင်းသောအမူအကျင့် ရှိနိုင်ကြပါစေ။ မြတ်ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း လူတိုင်းကျင့်သုံးသွားကြမယ်ဆိုရင် ကောင်းတာလုပ် ကောင်းတာဖြစ်တဲ့ အကျိုးတရားကို ရရှိစေပါတယ်။ နံနက်ခင်းမှ မိုးချုပ်သည့်အထိ ကောင်းသောစကား၊ မေတ္တာ/ကရုဏာ/မုဒိတာနှင့် ယှဉ်သောစကားများကို ပြောဆိုခြင်းဖြင့် ဘဝတစ်ခုတွင် ချမ်းချမ်းသာသာဖြင့် ကောင်းမွန်စွာ နေထိုင်နိုင်ကြပါတယ်။



အားလုံးသော နိုင်ငံသူ နိုင်ငံသားများအားလုံး ကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို စောင့်ရှောက်ထိန်းသိမ်းကျင့်သုံးခြင်းအားဖြင့် ဘဝတွင် အရှုံးမထွက်ဘဲ အမြတ်ထွက်စေပြီး ကောင်းကျိုးချမ်းသာများ ရရှိခံစားစံစားနိုင်ကြပါစေ။ နှစ်ဦးအချိန်အခါမှစပြီး ဒါန၊ သီလ၊ ဘာဝနာများ ပွားများခြင်းဖြင့် နိုင်ငံသူနိုင်ငံသားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းပြီး နိုင်ငံတော်ကြီး စည်ကားတိုးတက်ပါစေကြောင်း မေတ္တာများ ပို့သပါတယ်။ ။

# သီတဂူဆရာတော်ကြီး၏ နှစ်သစ်ဆုတောင်း

**အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင်**
**သီတဂူအဓိပတိဆရာတော် ဘုရားကြီး**

တရားချစ်ခင်သူတော်စင်အပေါင်းတို့ ၂၀၂၂ ဆိုတဲ့ နှစ်ဟောင်းတစ်ခု တော့ကုန်သွားပြန်ပြီ၊ ၂၀၂၃ ဆိုတဲ့ နှစ်သစ်တစ်ခုကိုကူးပြောင်းလာပါပြီ၊ အဟောင်းတွေ ကုန်ကုန်သွားပြီးတော့ အသစ်တွေပြောင်းပြောင်းလာတဲ့အခါ အဲဒီနှစ်ဟောင်းက ကိုယ်ပြုခဲ့တဲ့ကောင်းမှုနဲ့ မကောင်းမှု ဒီနှစ်ခုစာရင်းချုပ်ကြည့်ကြရမယ်၊ မကောင်းမှုကများတယ်၊ ကောင်းမှုကနည်းရင် ထိုနှစ်ထိုပုဂ္ဂိုလ်ဟာ အရှုံးထွက်တယ်၊ ကောင်းမှုကများပြီးတော့ မကောင်းမှုနည်းရင်တော့ ထိုနှစ်ဟောင်းမှာ ထိုပုဂ္ဂိုလ်ဟာ အမြတ်ထွက်တယ်၊ အဲဒါကြောင့် နှစ်ဟောင်းနှစ်သစ်အတွက် ကောင်းမှုတွေများများပြုနိုင်ဖို့ မကောင်းမှုတွေကို နည်းနိုင်သမျှနည်းအောင်ပြုလုပ်ကြဖို့ ရှေးဦးစွာတိုက်တွန်းပါတယ်။




နှစ်ဟောင်းတွေကုန်လို့နှစ်သစ်ပြောင်းဆိုတာ အနိစ္စလက္ခဏာရဲ့ ထင်ရှားပြသချက်ဖြစ်ပါတယ်။ အဲဒီတော့ တရားချစ်ခင်သူတော်စင်အပေါင်းတို့ မြတ်စွာဘုရားကိုယ်တော်မြတ်က စက္ကဝတ္တိသုတ်တော်မှာ ဟောတော်မူတဲ့အချက်ကလေးသုံးချက်ကို ရှေးဦးစွာ ပြောပါရစေ၊ လောဘုဿဒါရ ပဇာရ ဒုဗ္ဘိက္ခန္တရကပ္ပေါ်ဟောတိ လောဘထူပြောတဲ့ကမ္ဘာမှာ လောဘကိုမထိန်းသိမ်းနိုင်တဲ့ကမ္ဘာမှာ စီးပွားရေးတွေကျပ်တည်းပြီးတော့ အငတ်ဘေးတွေ ကြုံရတတ်တယ်။ အဲဒါကြောင့်နှစ်ဟောင်းမှာ ဒီလောဘတွေကို ထိန်းချုပ်နိုင်ခဲ့သလား မထိန်းချုပ်နိုင်ခဲ့သလား၊ မိမိတို့ရဲ့ဘဝ ဒါစာရင်းတွက်ပြီးတော့ စာရင်းစစ်ဖို့လိုပါတယ်။ ဒီတော့ လာမယ့်နှစ်သစ်အတွက် အားလုံးကို တိုက်တွန်းချင်တာက လောဘထူပြောတဲ့ကမ္ဘာမှာအငတ်ဘေးကြုံရတတ်တယ်လို့ မြတ်စွာဘုရားဟောတော်မူတဲ့အတွက်ကြောင့် အားလုံးလာမယ့်နှစ်သစ်မှာ လောဘကိုထိန်းချုပ်နိုင်ကြပါစေ၊ လောဘကိုရုပ်သိမ်းနိုင်ကြပါစေ၊ လောဘကိုစည်းကမ်းသတ်နိုင်ကြပါစေဆိုတာ ရှေးဦးစွာမေတ္တာပို့ဆုတောင်းပါတယ်။

မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ လောဘတရားကိုထိန်းချုပ်နိုင်ကြပါစေ၊ ကမ္ဘာသူကမ္ဘာသားတွေ လောဘတရားကို ထိန်းချုပ်နိုင်ကြပါစေ၊ စီးပွားရေးကျပ်တည်းအငတ်ဘေးမှ လွတ်မြောက်နိုင်ကြပါစေလို့ လောဘနဲ့ပတ်သက်လို့ ဤမျှလောက်မေတ္တာပို့ပါတယ်။ ဆုတောင်းပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံး ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ နောက် ဒုတိယ မြတ်စွာဘုရားဟောတော်မူတဲ့ အချက်ကတော့ ဒေါသုဿဒါရ ပဇာရ သတ္တန္တရကပ္ပေါ်ဟောတိ ဒီလိုဟောပါတယ်။ အဓိပ္ပာယ်က ဒေါသတွေ လွန်ကဲတဲ့ကမ္ဘာမှာ ဒေါသထူပြောတဲ့ကမ္ဘာမှာ လက်နက်အမျိုးမျိုးဘေးနဲ့ လူသားတွေဟာ သေကြရတယ်လို့ ဒီလိုဟောပါတယ်။ သတ္တန္တရကပ်ဆိုက်တယ်လို့ ဒီလိုပြောပါတယ်။ အဲဒါကြောင့် လွန်လေပြီးသောနှစ်ဟောင်းမှာ ဒေါသကိုတို့ဘယ်လောက်များ ထိန်းချုပ်နိုင်ခဲ့သလဲ၊ ဘယ်လောက်တောင်စည်းမဲ့ကမ်းမဲ့လွှတ်ပေးခဲ့သလဲ၊ အဲဒါပြန်တွက်ပြီးတော့ အရှုံးအမြတ်တွက်ကြည့်ပြီးတဲ့အခါမှာ လာမယ့်နှစ်သစ်အတွက်လည်းပဲ ဒီဒေါသကိုထိန်းချုပ်ပြီးတော့အေးချမ်းစွာနေနိုင်ဖို့ရှေးဦးစွာဆုတောင်းပါတယ်။ ဒုတိယဆုတောင်းပါတယ်။ မြန်မာနိုင်ငံသူမြန်မာနိုင်ငံသားတွေ ဒေါသတရားကိုထိန်းချုပ်နိုင်ကြပါစေ၊ မင်းကွန်းဆရာတော်ကြီးမိန့်သလိုဆိုရင်တော့ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်းငြိမ်းချမ်းကြပါစေ၊ မြန်မာနိုင်ငံသူမြန်မာနိုင်ငံသားတွေ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ၊ ကမ္ဘာသူကမ္ဘာသားတွေ ဒေါသခပ်သိမ်းထိန်းချုပ်နိုင်ကြပါစေ၊ ဘေးရန်ခပ်သိမ်းငြိမ်းချမ်းကြပါစေလို့ ဒုတိယဒေါသနဲ့ ပတ်သက်လို့ စက္ကဝတ္တိသုတ်တော်အရဆုတောင်း မေတ္တာပို့ပါတယ်။ နောက်တတိယ မောဟုဿဒါရ ပဇာရ ရောဂန္တရကပ္ပေါ် လို့ စက္ကဝတ္တိသုတ်မှာ ဟောထားတာရှိပါတယ်။ မောဟထူပြောတဲ့ကမ္ဘာမှာ ရောဂါထူပြောတယ်လို့ စက္ကဝတ္တိသုတ်မှာဘုရားဟောပါတယ်။ ဒ့ါကြောင့် လက်တွေ့မိမိတို့ခံစားနေရတဲ့ အခြေအနေနဲ့ မိမိတို့ရဲ့နှစ်ဟောင်းက မောဟတရားတွေ မိမိတို့တစ်တွေဘယ်လောက်ထိန်းချုပ်နိုင်ခဲ့သလဲဆိုတာ ပြန်လည်ဆန်းစစ်ပြီးတော့ အရှုံးအမြတ်တွက်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် လာလတ္တံ့နှစ်သစ်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ရောဂါထူပြောခြင်းအကြောင်းဖြစ်တဲ့ မောဟတရားကို ထိန်းချုပ်နိုင်ကြပါစေ၊ ရောဂါထူပြောခြင်းရဲ့ အကြောင်းဖြစ်တဲ့ မောဟတရားကို ပယ်သတ်နိုင်ကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ မောဟကိုထိန်းချုပ်နိုင်ကြပါစေ၊ မောဟတရားကို ပယ်သတ်နိုင်ကြပါစေ၊ လောဘကိုလည်းထိန်းချုပ်၊ မောဟကိုလည်းထိန်းချုပ်၊ ဒေါသကိုလည်း ထိန်းချုပ်၊ မောဟကိုလည်း ထိန်းချုပ်လို့ ကမ္ဘာသူကမ္ဘာသားတွေ ငြိမ်းချမ်းသာယာရှိပါစေ၊ အငတ်ဘေးမှလည်း လွတ်မြောက်ပါစေ၊ စီးပွားရေးအကျပ်အတည်း ဘေးမှလည်း လွတ်မြောက်ကြပါစေ၊ လက်နက်အမျိုးမျိုးနဲ့ သေကျေပျက်စီးတဲ့ ဘေးဒုက္ခအပေါင်းမှလည်း လွတ်မြောက်ကြပါစေ၊ နှိပ်စက်လာတဲ့ရောဂါအမျိုးမျိုးရဲ့ ဘေးမှလွတ်မြောက်နိုင်ကြပါစေလို့ဆုတောင်းပါတယ်၊ မင်းကွန်းဆရာတော်ကြီး ဆုတောင်းသလို ပြောရမယ်ဆိုရင်တော့ လောဘခပ်သိမ်းငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ မောဟခပ်သိမ်းငြိမ်းချမ်းကြပါစေ၊ နိုင်ငံသူနိုင်ငံသားတွေ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေလို့ စက္ကဝတ္တိသုတ်တော်အရ နှစ်သစ်ဆုတောင်းကို ဤသို့ပြုပါတယ်။ နိဂုံးအနေနဲ့တော့ မေတ္တာသုတ္တန်ကလာတဲ့ အံ့ဩဖွယ်ကောင်းတဲ့ မေတ္တာပို့စာပိုဒ်ကလေးကိုရွတ်ပြီးတော့ ဘုန်းကြီးတို့နှစ်ဦးကို ဆုတောင်းပါမယ်၊ နှစ်ဦးကိုမေတ္တာပို့ပါမယ်၊ မေတ္တာသုတ္တန်မှာ န ပရော ပရံ နိကုဗ္ဗေထ နာတိမညေထ ကတ္ထစိ န ကဉ္စိ ဗျာရောသနာ ပဋိဃသညာ နာညမညဿ ဒုက္ခ မိစ္ဆေယျ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဗုဒ္ဓဘာသာလောကတစ်ခုလုံးမှာ အလွန်ခေတ်စားတဲ့ မေတ္တာသုတ္တန်ဖြစ်ပါတယ်။ မပါမပြီးတဲ့ မေတ္တာသုတ်၊ အဲဒီမေတ္တာသုတ်ထဲက ဒီဂါထာတစ်ပိုဒ်ဟာ အလွန်အံ့ဩဖွယ်ကောင်းတယ်။ ထိရောက်တဲ့မေတ္တာပို့တစ်ခုဖြစ်ပါတယ်။ တစ်ပါးသောသူသည် တစ်ပါးသောသူကို န နိကုဗ္ဗေထ အမျက်မထွက်ပါစေနဲ့ တစ်ယောက်သောသူသည် တစ်ယောက်သောသူကို အမျက်မထွက်ပါစေနဲ့ ဒါဟာမေတ္တာပို့ပဲ၊ ဒေါသကင်းခြင်းဟာမေတ္တာပဲ၊ ဒေါသနဲ့မေတ္တာကဆန့်ကျင်ဘက်၊ မေတ္တာဆိုတာဒေါသကိုဖယ်ရှားတာဖြစ်ပါတယ်။ ဒါကြောင့် န ပရော ပရံ နိကုဗ္ဗေထ အမျက်ထွက်ခြင်း အချင်းချင်းကင်းရှင်းကြပါစေ၊ နှစ်သစ်အတွက်အထူးပဲ ဒီမေတ္တာပို့ကို ဘုန်းကြီးတို့ပို့လွှတ်ပါရစေ၊ န ပရော ပရံ နိကုဗ္ဗေထ အမျက်ထွက်ခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ နောက် နာတိမညေထ ကတ္ထစိ န ကဉ္စိ ဘယ်အရပ်မှာဖြစ်ဖြစ် ဘယ်သူကဖြစ်ဖြစ် ဘယ်သူကို့မဆို နာတိမညေထ အထင်သေးခြင်း၊ မထီလေးစားပြုခြင်းမရှိကြပါစေနဲ့ ဒီလိုလည်း မေတ္တာပို့ထားတာအံ့ဩဖွယ်ကောင်းပါတယ်။ ပဋိပက္ခဖြစ်ခြင်းတွေဟာ အထင်သေးတာတွေ၊ မထီလေးစားလုပ်တာတွေဟာလည်း အကြောင်းရင်းတစ်ခုအနေနဲ့ ပါတယ်။ အဲဒါကြောင့် နာတိမညေထ ကတ္ထစိ န ကဉ္စိ အထင်သေးခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ နှစ်ဟောင်းအတွက်ရော၊ နှစ်သစ်အတွက်ရော မေတ္တာသုတ္တန်ရဲ့ ဆုတောင်းကို အထူးပဲရွတ်ဆိုပြီးတော့ နှစ်သစ်ကိုကြိုဆိုပါတယ်။ နောက် ဗျာရောသနာဆိုတာက စောင်းမြောင်းတာ၊ ပုတ်ခတ်တာ အတင်းအဖျင်းပြောတာ တစ်ပါးသောသူသည် တစ်ပါးသောသူကို မည်သူကပဲဖြစ်ဖြစ် မည်သည့်အရပ်မှာမဆို စောင်းမြောင်းလိုသော ပုတ်ခတ်လိုသော ချုပ်ချယ်လိုသောစိတ်ဓာတ်ဖြင့် နှိပ်စက်ပင်ပန်းအောင်မလုပ်ကြပါစေနဲ့ ဒါကြောင့်ဒီစာပိုဒ်ကိုလည်းပဲ လင်္ကာလေးပေးပြီးတော့ နှစ်ဦးအတွက်ဆုတောင်းရမယ်ဆိုလို့ရှိရင် ပုတ်ခတ်လိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ စောင်းမြောင်းလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ချုပ်ချယ်လိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ နောက်တစ်ခုက ပဋိဃသညာဆိုတာ ရန်ငြိုးပဲ၊ ဆဲသွားတဲ့လူတစ်ယောက်ကိုပြန်ဆဲနေမယ်ဆိုရင် အပြန်အလှန်ဆဲနေတဲ့ဆဲပွဲကြီးပြီးမှာမဟုတ်ဘူး၊ ကိုယ့်ကိုပုတ်ခတ်သွားတဲ့သူကို ပြန်ပုတ်ခတ်နေမယ်ဆိုလို့ရှိရင် ပုတ်ခတ်နှိပ်စက်တဲ့ဒီပွဲကြီး ဘယ်တော့မှပြီးမှာမဟုတ်ဘူး။ အနိုင်ကျင့်သွားတဲ့သူကို အနိုင်ယူဖို့ပြန်ကြိုးစားနေသရွေ့ ကာလပတ်လုံး အပြန်အလှန်အနိုင်ကျင့်တဲ့ ဒီပွဲကြီးဟာလည်း ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး။ ပဋိဃသညာ ရန်ငြိုးဖွဲ့တာ ရန်ပြုတဲ့သူကို ပြန်ပြီးတုံ့ပြန်ခြင်းသည် ဒီရန်ပွဲဟာဘယ်တော့မှမပြီးဘူး။ မငြိမ်းဘူးလို့ မြတ်စွာဘုရားဟောပါတယ်။ အဲဒါကြောင့် ရန်ငြိုးဖွဲ့ခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ရန်ငြိုးဖွဲ့ခြင်းအချင်းချင်း ကင်းရှင်းကြပါစေလို့ ဒီလိုနှစ်သစ်ကို မေတ္တာဆုတောင်းနဲ့ ကြိုဆိုပါတယ်။ နောက်တစ်ခုက နာညမညဿဒုက္ခမိစ္ဆေယျအဓိပ္ပာယ်က တစ်ယောက်သည် တစ်ယောက်ဒုက္ခရောက်တာကို မလိုလားကြပါစေနဲ့။ အများအားဖြင့် ကမ္ဘာမှာ ဒီဥစ္စာကလည်းပဲ ဖြစ်နေကျ။ တစ်ယောက်က တစ်ယောက်ရဲ့ ချမ်းသာသုခကို မလိုလားပဲနဲ့ တစ်ယောက်ယောက်ဒုက္ခရောက်တာကို လိုလားတဲ့စိတ်တွေဟာ ပြန့်ပွားနေတယ်။ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့မေတ္တာပို့မှာ ဒီအပိုဒ်ကို အကျယ်တဝင့်မိန့်ပါတယ်။ အဲဒါကြောင့် သူတစ်ပါးတို့အပေါ်မှာ ရန်လိုတဲ့ စိတ်ဆင်းရဲစေလိုတဲ့စိတ်၊ ဒုက္ခဖြစ်စေချင်တဲ့စိတ်သည် ဘယ်သူကမှဘယ်သူကိုမှ မမွေးကြပါစေနဲ့ လို့ ဒီမေတ္တာပို့ဆုတောင်းကလည်း ဆိုထိုက်တဲ့ မေတ္တာပို့ဆုတောင်း၊ ပို့ထိုက်တဲ့ မေတ္တာပို့ဆုတောင်းတစ်ခုဖြစ်ပါတယ်။ နာညမညဿ ဒုက္ခမိစ္ဆေယျ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်း အချင်းချင်းကင်းရှင်းကြပါစေ၊ နှိပ်စက်လိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ရန်ငြိုးဖွဲ့ခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ပုတ်ခတ်လိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ အမျက်ထွက်ခြင်းအချင်းချင်း ကင်းရှင်းကြပါစေလို့ မေတ္တာသုတ္တန်လာတဲ့ နပရောပရံနိကုဗ္ဗေထ ဂါထာရဲ့ အဓိပ္ပာယ်များကို အနုလုံပဋိလုံဘုန်းကြီးတို့ မေတ္တာပို့၍ နှစ်သစ်ကို အေးချမ်းစွာနေနိုင်ကြဖို့ ကြိုဆိုပါတယ်။ နိဂုံးမှာကတော့ မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ၊ ကရုဏာနှလုံးကိုယ်စီသုံး ရွှင်ပြုံးကြပါစေ၊ တို့မေတ္တာစွမ်းကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ၊ နှစ်သစ်မှာတိုင်းသူပြည်သားလူရှင်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ နှစ်သစ်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ သီတဂူစမ်းလပမာ ချမ်းမြသာယာရှိတော်မူကြပါစေ။ ။

---

## နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနိမလ၏ နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာ



၂၀၂၂ ကုန်ဆုံး၍ ၂၀၂၃ခုနှစ် နှစ်သစ်မင်္ဂလာ နှစ်ဦးအခါသမယမှာ မြန်မာပြည်သူ ပြည်သားအားလုံး/ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ချမ်းမြေ့သာယာဝဖြိုးသောသုခမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**သဗ္ဗပါပဿ အကရဏံ**
**ကုသလဿ ဥပသမ္ပဒါ**
**သစိတ္တပရိယောဒပနံ**
**ဧတံ ဗုဒ္ဓါနသာသနံ**

၁။ သဗ္ဗပါပဿ အကရဏံ- မကောင်းသော အကုသိုလ်တရားတို့မှ ကင်းစင်သော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများ ဖြစ်ကြပါစေ။

၂။ ကုသလဿဥပသမ္ပဒါ-ကောင်းသောကုသိုလ်တရားတို့နှင့် ပြည့်စုံသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများဖြစ်ကြပါစေ။

၃။ သစိတ္တပရိယောဒပနံ - ဖြူစင် မြင့်မြတ်သော စိတ်ထားတို့နှင့် ပြည့်စုံသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများ ဖြစ်ကြပါစေ။

၄။ ဧတံ ဗုဒ္ဓါနသာသနံ - လောက၌ အတုမရှိသော အသန့်ရှင်းဆုံးသော မြတ်ဗုဒ္ဓ၏ ဓမ္မဩဝါဒ အဆုံးအမအောက်၌ ကောင်းကျိုးများထွန်းတောက်သော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများ ဖြစ်ကြပါစေ။

**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊**
**ဖြူအောင်စိတ်ကိုထား။**
**ပြောပြုတွေးလျှင်၊ သတိယှဉ်၊**
**ဆင်ခြင်ဉာဏ်ရှေ့သွား။**
**အရာရာတွင် အသုံးဝင် အောင်မြင်ကြောင်းတရား**

ဟူ၍ မြတ်ဗုဒ္ဓ၏ တရားတော်အတိုင်း ပွားများအားထုတ်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာ ပြုလိုက်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**ယနေ့ကျရောက်တဲ့ ၂၀၂၃ ခုနှစ်၊ နှစ်သစ်ကူးအခါသမယမှာ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပြီး ဘေးဘယာများဝေးကွာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သလိုက်ရပါတယ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

၂၀၂၂ ခုနှစ်မှာ ကျွန်တော် တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အခက်အခဲများစွာနဲ့ စိန်ခေါ်မှုပေါင်းစုံကြားကနေ ကျွန်တော်တို့အားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနဲ့ သဘောထားပြည့်ဝမှုတွေနဲ့ပဲ အကောင်းဆုံး ဖြတ်ကျော်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများအားလုံးရဲ့ စုစည်းညီညွတ်အားနဲ့ စိန်ရတုပြည်ထောင်စုနေ့ အခါသမယကိုလည်း ခမ်းနားထည်ဝါစွာဖြင့် ဂုဏ်ယူဖွယ် ကျော်ဖြတ်ခဲ့ပြီဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ ၇၅ နှစ်ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ ဒီကာလအတွင်း လွတ်လပ်ရေးရဲ့ အရသာကို ကျွန်တော်တို့ ညီအစ်ကိုတွေ အပြည့်အဝ မခံစားရသေးပါဘူး။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ လက်နက်ကိုင် ပဋိပက္ခတွေကို တတ်နိုင်သမျှ ချုပ်ငြိမ်းအောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကို ကျွန်တော်ကိုယ်တိုင် ဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးသမျှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများအပေါ်မှာ အလားအလာကောင်းတဲ့ သဘောတူညီမှုများ ရရှိခဲ့ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးရဲ့ ကောင်းကျိုးကို တကယ့်ရင်ထဲက စစ်မှန်တဲ့ စေတနာ၊ မေတ္တာ အမှန်တရားနဲ့ လိုလားဖို့ပဲ အရေးကြီးပါတယ်။ ကျွန်တော်တို့ လက်နက်ကိုင်ပဋိပက္ခတွေဖြေရှင်းနိုင်ရင် တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေရဲ့ အခွင့်အရေး ပိုမိုဆောင်ရွက်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ဒီမိုကရေစီအခွင့်အရေးတွေ မဆုံးရှုံးစေဖို့ တိုင်းရင်းသားဒေသတွေ အပါအဝင် တစ်နိုင်ငံလုံး နေရာအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းပြည်ကို မူလအခြေအနေအတိုင်း အေးချမ်းစေဖို့ ဆောင်ရွက်နေပါတယ်။

၂၀၂၃ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ ၇၅ နှစ်ပြည့်စိန်ရတုတိုင်ခဲ့ပြီ ဖြစ်သလို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ခံစားဖို့ အစပျိုးတဲ့နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေး အချိုးအကွေ့တစ်ခုမှာ သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်မယ့် အခွင့်အရေးကောင်းတစ်ခုကို တိုင်းရင်းသားပြည်သူတွေ ပိုင်ဆိုင်ခွင့်ရတဲ့နှစ်တစ်နှစ်ဖြစ်တာကြောင့် ဒီအခွင့်အရေးကို အရယူနိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အားလုံး အတူတကွလျှောက်လှမ်းချင်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ခိုင်မာစေရန်နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ယခုရှိပြီးသားထက် ပိုမိုတဲ့ ပေါင်းစည်းညီညွတ်မှုများနဲ့ ရှေ့ကိုခရီးဆက်ရမှာပဲ ဖြစ်ပါတယ်။ အဲဒီလို ခရီးဆက်နိုင်အောင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဘက်ပေါင်းစုံကနေ ရှိသမျှတံခါးများအားလုံးဖွင့်လျက် လက်ကမ်းကြိုလျက်ရှိနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်ကာလမှာ ကမ္ဘာမှာ ဘာတွေဖြစ်ခဲ့သလဲဆိုတဲ့ နိုင်ငံတကာအရေးအခင်းအချို့ကို ကျွန်တော်တို့ ကြည့်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကို အားလုံး ပိုမိုသတိရှိရမယ်။ ပိုမိုအသိရှိရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျော်လွှားနိုင်ဖို့ဆိုရင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသလို ကျွန်တော်တို့အားလုံး စည်းလုံးစွာနဲ့ ကျော်ဖြတ်ဖို့ပဲ လိုပါမယ်။

ကုန်လွန်ခဲ့ပြီဖြစ်တဲ့ ၇၅ နှစ်တာကာလအတွင်း နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးမပြုစေခဲ့တဲ့ အတွေးအခေါ်များနဲ့ လုပ်ဆောင်ချက်များကို ချန်ရစ်ခဲ့ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အပြုသဘောဆောင်ရွက်ချက်များကို "မြန်မာစိတ်" မွေးပြီးတော့ စည်းစည်းလုံးလုံး လုပ်ကိုင်သွားကြမယ်ဆိုရင် ကျွန်တော်တို့သွားချင်တဲ့ "ပန်းတိုင်"ကို မလွဲမသွေ ရောက်ရှိမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု အကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတွေကို မျိုးဆက်သစ်လူငယ်တွေအတွက် တည်ဆောက်ပေးသွားကြပါမယ်။ မျိုးဆက်သစ် လူငယ်တွေဆီကနေ တိုင်းပြည်အတွက် အဖိုးတန်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို အကျိုးရှိရှိ အသုံးချနိုင်စေဖို့ ကျွန်တော်တို့ တာဝန်ရှိသူများအားလုံး ညီညွတ်စွာဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ယနေ့ကျရောက်တဲ့ နှစ်သစ်အခါသမယမှသည် နှောင်နှစ်ပေါင်းများစွာတိုင် မိမိတို့တစ်ဦးတစ်ယောက်ချင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာနဲ့ ကောင်းကျိုးလိုရာ အဖြာဖြာ ဖန်တီးနိုင်သူများ ဖြစ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားသံများ

**ဦးသိန်းညွန့်**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်)**

ပြည်သူများခင်ဗျား ၂၀၂၂ ခုနှစ်ဟာ မြန်မာနိုင်ငံမှာ အလုံးစုံပျက်သုဉ်းရေးဝါဒီတွေ လူသတ်ဓားပြတိုက် အကြမ်းဖက် (CRPH–NUG–PDF) တို့နဲ့ သူတို့ကို ထောက်ခံတဲ့ ရောင်စုံသောင်းကျန်းသူတွေရဲ့ အဖျက်လုပ်ငန်းများကို တွေ့မြင်ခဲ့ရပါတယ်။ သူတို့နောက်မှာ မြန်မာ့အချုပ်အခြာအာဏာကို ထိပါးစော်ကားလိုတဲ့ ခေတ်သစ်ခေတ်ဟောင်း နယ်ချဲ့အုပ်စုနဲ့ ဗိုလ်ကျစိုးမိုးလိုတဲ့ သူတို့အပေါင်းအပါ အင်အားစုတွေက နိုင်ငံရေး၊ စစ်ရေး အကူအညီများ ပေးနေတယ်။

အခုလာမယ့် ၂၀၂၃ ခုနှစ်မှာတော့ မြန်မာ့စီးပွားရေးပျက်ကပ်သို့ ဦးတည်စေမယ့် စီးပွားရေးကဏ္ဍကို ဖိအားပေးမယ့် အလားအလာကို တွေ့မြင်ရတယ်။ သူတို့ရဲ့အန္တရာယ်ကိုလျှော့တွက်လို့မရဘူး။ ဒါပေမယ့် သမိုင်းအစဉ်အလာအရ (၇၅)နှစ်တိုင်တိုင် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ခဲ့တဲ့ မြန်မာနိုင်ငံမှာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေ မုချရှုံးနိမ့်ပျက်ပြားရမယ်။

ယနေ့ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်ရလင့်ကစား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းဆောင်မှုအောက်မှာ တပ်မတော်၊ နိုင်ငံရေးအင်အားစုများနဲ့ တိုင်းရင်းသားတွေ စုစည်းညီညွတ်ပြီး ဘယ်ရန်သူကိုမဆို ချေမှုန်းကြရပါမယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ တရားတဲ့ဘက်က ရပ်တည်နေတဲ့ အမျိုးသားအင်အားစုတွေ အောင်မြင်မှုမုချရပါလိမ့်မယ်လို့ ပြောကြားရင်း ၂၀၂၃ ခု နှစ်သစ်ကို ကြိုဆိုပါတယ်။



ဦးသိန်းညွန့်
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်)



ဦးခင်မောင်ဆွေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်)

**ဦးခင်မောင်ဆွေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်)**

လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား။ အခုလို လွတ်လပ်ရေးစိန်ရတု အခါသမယကြီးမှာ မြန်မာပြည်သူလူထုအပေါင်း စိတ်နှလုံးရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ နှစ်သစ်ကူးအချိန်အခါသမယမှာ မြန်မာပြည်သူတွေဟာ နိုင်ငံတော်ကြီး အေးချမ်းသာယာစေဖို့ မျှော်လင့်စောင့်စားလျက်ရှိကြပါတယ်။ အဲဒီလို မျှော်လင့်မှုတွေကို အောင်မြင်ဖို့ဆိုရင် ကျွန်တော်တို့အားလုံးဟာ ဒီမိုကရေစီခေတ်ကိုရောက်အောင် သွားဖို့ လိုအပ်ပါတယ်။

ဒီမိုကရေစီဆိုတာ ရွေးကောက်ပွဲနဲ့သာလျှင် ထူထောင်လို့ရတဲ့စနစ် ဖြစ်တာကြောင့် အခုလက်ရှိ အနေအထားကနေပြီးတော့ ပြည်သူလူထုအုပ်ချုပ်တဲ့ ခေတ်ကို ရောက်ချင်တယ်ဆိုရင်ဖြင့် ပြည်သူများ အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများဟာ သန့်ရှင်းလွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်းကို ကျွန်တော်တိုက်တွန်းစကားပြောကြားလိုပါတယ်။

အခုပြည်သူတွေကြုံတွေ့နေရတဲ့ မလုံခြုံမှုတွေ၊ လူမှုစီးပွားရေးဘဝမတည်ငြိမ်မှုတွေနဲ့ နိုင်ငံပြင်ပက ဝင်ရောက်နှောင့်ယှက်လာတဲ့ ဖြစ်ရပ်တွေဟာ တကယ်တော့ မြန်မာနိုင်ငံမှာ ပြည်သူလူထု တင်မြှောက်တဲ့အစိုးရ မရှိလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့် ခေတ်တစ်ခေတ်ကို ပြောင်းဖို့ဆိုရင် ပြည်သူအားနဲ့မှ ရနိုင်ပါတယ်။ ပြည်သူ့ဆန္ဒမပါဘဲနဲ့တော့ ခေတ်ကိုပြောင်းလို့ ရနိုင်မှာမဟုတ်ပါဘူး။ အခုလက်ရှိ အုပ်ချုပ်ရေးကနေပြီးတော့ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြောင်းဖို့ဆိုရင် ရွေးကောက်ပွဲမှတစ်ပါး အခြားမရှိပါဘူး။

မိဘပြည်သူများခင်ဗျား ယခုအခါ မြန်မာနိုင်ငံမှာ သွေးထွက်သံယိုမရှိဘဲနဲ့ ပြည်သူ့အာဏာကို လွှဲပြောင်းရယူနိုင်တဲ့ အချိန်အခါကြီး ဖြစ်နေပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီကို သေနတ်နဲ့ ပြပြီးတော့ တောင်းယူစရာလိုပါသလားလို့ မေးမယ်ဆိုရင် မေးခွန်းရဲ့အဖြေကတော့ ဒီမိုကရေစီကို သေနတ်ပြပြီးတော့ တောင်းစရာမလိုတော့ဘူးလို့ပဲ ပြောရပါလိမ့်မယ်။ အချို့အယူအဆတွေကတော့ ရွေးကောက်ပွဲနဲ့ မြန်မာ့နိုင်ငံရေး ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ ပြောစကားတွေ ရှိပါတယ်။ သို့သော်လည်းပဲ ရွေးကောက်ပွဲပြီးတဲ့ အခါမယ် လွှတ်တော်နိုင်ငံရေးပေါ်လာပြီးတော့ နိုင်ငံရေးပြဿနာအဝဝကို ပြည်သူလူထုဆန္ဒနဲ့အညီ လွှတ်တော်မှာ တင်ပြပြီးတော့ ဖြေရှင်းနိုင်တဲ့ အခွင့်အလမ်းကို မြန်မာပြည်သူတွေ ရကြမှာဖြစ်တာကြောင့် ရွေးကောက်ပွဲဖြစ်မြောက်ရေးကို မြန်မာပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြပါလို့ ကျွန်တော်ပန်ကြားလိုကြောင်း တင်ပြရင်း နှစ်သစ်ကူး နှုတ်ဆက်စကားကို ဒီမှာပဲ နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

❂ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များဖြစ်ကြသည့် ဦးနု၏သမီး ဒေါ်သန်းသန်းနု၊ ဦးစန်းယု၏ သမီး ဒေါ်လှဲ့လှဲ့ယု၊ ဗိုလ်ချုပ်မှူးကြီး စောမောင်၏ သား ဦးသီဟစော၊ ဦးနေဝင်း၏ သမီး ဒေါက်တာခင်စန္ဒာဝင်း၊ ဦးဗဆွေ၏သမီး ဒေါ်နေရည်ဗဆွေ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ၏ သား ဦးဇော်ထွန်းအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားစဉ်။

ဦးကျော်ငြိမ်း၏ သမီး ဒေါ်ချိုချို ကျော်ငြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ၏သား ဦးဇော်ထွန်းနှင့် ဦးစိန်လွင်၏ သမီး ဒေါက်တာ ချိုလွင်ဦးတို့အား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ နေထိုင်စားသောက်မှု အခြေအနေများ၊ တစ်ဦးချင်းစီ၏ ကျန်းမာရေး အခြေအနေများနှင့် အခြားလိုအပ်ချက်များကို မေးမြန်းအားပေး စကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ၂၀၂၃ - ခုနှစ်အတွက် နှစ်သစ်ကူးဆုတောင်း စကားသံများ



ဦးတင်မောင်



ဦးနေလင်း



ဦးဆန်းလင်း



ဒေါက်တာတိုးနန္ဒာတင်

**ဦးတင်မောင် (မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက)**

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ကုန်ဆုံးတဲ့နှစ်နဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ကျရောက်တဲ့ နှစ်သစ်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာ၍ စီးပွားရေးများ တိုးတက်ကောင်းမွန်ပြီး ဘေးအန္တရာယ်များ ကင်းရှင်းပါစေကြောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက တစ်ယောက်အနေနဲ့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးနေလင်း**
**(မြန်မာနိုင်ငံ ဆန်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ)**

နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကူးပြောင်းတဲ့အခါမှာ မင်္ဂလာကျက်သရေအပေါင်း ခညောင်းပြည့်စုံပါစေ။ ကျေးလက်မှာရှိတဲ့ တောင်သူလယ်သမားဦးကြီးများနဲ့ လယ်ယာကဏ္ဍမှာ လုပ်ကိုင်နေကြသူတွေအားလုံး နှစ်သစ်မှာစိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ ဆန်စပါးကုန်သည်အသင်းမှာရှိတဲ့ အသင်းဝင်တွေ၊ အသင်းသူ အသင်းသားတွေ၊ ဆန်စက်ပိုင်တွေ၊ ဆန်အကျိုးတော်ဆောင်တွေ၊ ဆန်လက်လီ လက်ကားပွဲရုံများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ၂၀၂၃ ခုနှစ်မှာ အခက်အခဲဟူသမျှမရှိကြဘဲ အားလုံး အောင်မြင်တိုးတက် ကြီးပွားကြပါစေကြောင်း ဆုတောင်းပတ္ထနာ ခြွေလိုက်ပါတယ်။ ကျွန်တော်တို့အသင်းက တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အကျိုး၊ ပုဂ္ဂလိကအကျိုး၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များ အသင်းသူ အသင်းများရဲ့ အကျိုးကို ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ပြည်တွင်း ပြည်ပနဲ့ ဆက်နွယ်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းဆောင်တာများလည်း တိုးတက်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

**ဦးဆန်းလင်း ( မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

နှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများနဲ့ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ မင်္ဂလာနှစ်သစ်အချိန်အခါကစပြီး ရှေ့ဖြစ်ပေါ်လာမယ့် လုပ်ငန်းဆောင်တာများမှာလည်း ကျွန်တော်တို့ ပြည်သူ ပြည်သားများအားလုံး တစ်တပ်တစ်အားနဲ့ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကလည်း လာမယ့်နှစ်သစ် အခါသမယကစပြီး စားသုံးသူများရဲ့ အကျိုး၊ ပြည်သူရဲ့အကျိုးနဲ့ နိုင်ငံ့အကျိုးကို သင့်တင့်မျှတတဲ့ လုပ်ငန်းစဉ်များကို ဖော်ဆောင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သွားပါ့မယ်လို့ အသင်းအနေနဲ့ ပြောကြားလိုပါတယ်။

**ဒေါက်တာတိုးနန္ဒာတင်**
**(မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ )**

၂၀၂၃ ခုနှစ်မှာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ရေလုပ်ငန်းကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်မယ်လို့ ယုံကြည်ပါတယ်။ ပန်းတနော် ငါးမွေးဇုန်ဆိုရင် ၂၀၂၃ ခုနှစ်မှာ လုပ်ငန်းစတင်ပြီး Operate လုပ်မယ်လို့ မျှော်လင့်ထားတာကြောင့် မျှော်လင့်တဲ့အတိုင်း ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံရဲ့ ရေလုပ်ငန်းကဏ္ဍအတွက် အင်မတန်မှ ထူးခြားမယ့် နှစ်တစ်နှစ်ဖြစ်တာကို တွေ့မြင်ရမှာပါ။ နှစ်သစ်မှာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်တဲ့အတွက် ပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိပြီး မွေးမြူရေးတောင်သူတွေလည်း စီးပွားရေးကောင်းမွန်မှုကြောင့် အဆင်ပြေတဲ့နှစ်တစ်နှစ်အဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနဲ့အတူ ပြည်သူအပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေလို့ နှစ်သစ်ဆုတောင်း မေတ္တာပို့သပါတယ်။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျာဝတီကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အရှင်ဥတ္တမသာရ ပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိဥက္ကလာသီရိကျောင်းတိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဉ္ဇူကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိအရိယဝံသကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ညောင်ရမ်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဓမ္မဂုဏ်ရည်တပ်ဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

"တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်ကလူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရားတစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။"

**(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ ဓာတ်ပုံ - သန်းနိုင်ဦး(ငဖဲ)

# ၂၀၂၃ ခုနှစ်အတွက် ဘာသာပေါင်းစုံမှ နှစ်သစ်ကူးမေတ္တာပို့ဆုတောင်းစကားသံများ

■ တွေ့ဆုံမေးမြန်း-ကိုကိုဇော်၊ ဓာတ်ပုံ-လတ်လတ်



ဦးစိန်သန်း



ဦးဇော်ဇော်နိုင်



ဒေါက်တာစိုင်းကျော်မြင့်



ဦးအောင်ဇော်ဝင်း

**ဦးစိန်သန်း (ဗုဒ္ဓဘာသာ)**
**(ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ယနေ့ဟာ ခရစ်နှစ် ၂၀၂၂ ခုနှစ်ကုန်ဆုံးပြီး ခရစ်နှစ် ၂၀၂၃ခုနှစ် ကာလသို့ရောက်ရှိလာတဲ့ ကမ္ဘာ့နှစ်သစ်ကူးနေ့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် (New Year) အခါသမယနေ့လည်းဖြစ်ပါတယ်။ ဒီအခါသမယနှစ်သစ်မှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်းတို့ဟာ တစ်ဦး၏ဘာသာကိုတစ်ဦးက လေးစားလိုက်နာပြီး တိုင်းပြည်အတွင်း အေးချမ်းသာယာစွာ နေထိုင်သွားကြရန်၊ နိုင်ငံတော်အတွင်း ကျရောက်လာမည့် သဘာဝဘေးဒုက္ခအပေါင်း မဖြစ်ပေါ်စေဖို့နဲ့ နိုင်ငံတော်ကြီး အေးချမ်းသာယာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဘာသာပေါင်းစုံက ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းဆောင်ရွက်ရင်းဖြင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြဖို့နဲ့ နှစ်သစ်အခါသမယမှာ ကမ္ဘာသူ၊ ကမ္ဘာသားများ၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းပြီး ကပ်ရောဂါဆိုးကြီးများရဲ့ ဘေးဒဏ်မှ လွတ်ကင်းပြီး အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြစေဖို့အတွက် ဆုတောင်းမေတ္တာများ ပို့သလိုက်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**
**(ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

၂၀၂၂ခုနှစ် ကုန်ဆုံးပြီး ၂၀၂၃ ခုနှစ် နှစ်သစ်အချိန်အခါသမယမှာ ဂေါတမမြတ်စွာဘုရား၏ မေတ္တာကြောင့် မြန်မာနိုင်ငံကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ မဟာပိန္နဲဘုရားကြောင့် ပြည်တွင်းပြည်ပ ရန်များကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကြီးဖြစ်ပါစေလို့ ဦးစွာဆုတောင်းပေးပါတယ်ခင်ဗျာ။ ယခု ၂၀၂၃ ခုနှစ်မှာ မြန်မာနိုင်ငံကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါစေ။ ဘာသာရေး၊ လူမှုရေးကိစ္စရပ်တွေမှာလည်း အောင်မြင်ပါစေ။ ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းကလည်း ၂၀၂၃ ခုနှစ်မှာ ယခင်နှစ်ထက် ၅ ဆပိုပြီး ကြိုးကြိုးစားစားလုပ်နိုင်ကြပါစေ။ ကိုဗစ်-၁၉ ရောဂါဖြစ်ကတည်းက မြန်မာနိုင်ငံတစ်ခုတည်းတင် မဟုတ်ပါဘူး တစ်ကမ္ဘာလုံးအခက်အခဲဖြစ်ကြတယ်။ နည်းမျိုးစုံ ဒုက္ခတွေရောက်ခဲ့ကြရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း ကမ္ဘာသူ၊ ကမ္ဘာသားတွေနဲ့ အတူတူ အခက်အခဲများ ခံစားခဲ့ရပါတယ်။ ဒီ ၂၀၂၃ ခုနှစ် နှစ်သစ်မှာ ကပ်ရောဂါများ ပျောက်ဆုံးပြီး အားလုံးကျန်းမာချမ်းသာကြပါစေ။ မြန်မာပြည်ဟာ ကျွန်တော် ခဏခဏတင်ပြလေ့ရှိတဲ့ ချမ်းသာတာတစ်ခုရှိပါတယ် အဲဒီဟာကတော့ မေတ္တာတရားပါပဲ။ ယခုနှစ်သစ်မှာ မေတ္တာများများထားနိုင်ကြပါစေ၊ မေတ္တာပွားနိုင်ပါစေ၊ မေတ္တာကြောင့် အစစအရာရာအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဒေါက်တာစိုင်းကျော်မြင့်**
**(ခရစ်ယာန်ဘာသာ)**
**(ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

**Shalom! မင်္ဂလာပါခင်ဗျာ**

အခုလို ဆုတောင်းမေတ္တာပို့သခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုး အတူတကွစုပေါင်းနေထိုင်ကြပြီး ဘာသာအယူဝါဒများစွာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရှိတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် ယခုအချိန်အခါမှာ လိုအပ်နေတဲ့ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် အေးချမ်းသာယာငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနှင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၂၂ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၃ ခုနှစ်သို့ ကူးပြောင်းတဲ့ နှစ်သစ်ကူး အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံက လူသစ်စိတ်သစ်နဲ့ ဘာသာပေါင်းစုံညီညွတ်စွာဖြင့် အနာဂတ်မှာ လူ့ဘောင်သစ်ကို တည်ထောင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ပြည်သူပြည်သားအားလုံး အေးချမ်းပျော်ရွှင်သော နှစ်သစ်ဖြစ်ပါစေကြောင်း နှုတ်ခွန်းဆက် ဆုတောင်းပေးလိုက်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း(အစ္စလာမ်ဘာသာ)**
**(ဒုတိယ ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

၂၀၂၂ ခုနှစ်ကုန်ဆုံးပြီးတော့ ၂၀၂၃ ခုနှစ် နှစ်သစ်မှာလည်း မြန်မာပြည်သူပြည်သားများအားလုံး၊ကမ္ဘာသူကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကာ စီးပွားလာဘ်လာဘများတိုးပွားပြီး ရောဂါဘယများ ကင်းစင်ကာ အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်ပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ် ပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ ဘာသာပေါင်းစုံက ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းဆောင်ရွက်ရင်းဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြပါရန်နှင့် နှစ်သစ်အခါသမယမှာ မြန်မာပြည်သူအားလုံး ကျန်းမာချမ်းသာပြီး နိုင်ငံအကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေ။ နိုင်ငံတော်ကြီး သာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် အားလုံး ဝိုင်းဝန်းပူးပေါင်းပြီး တည်ဆောက်ကြပါစို့၊ ကမ္ဘာသူကမ္ဘာသားများအားလုံး၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းပြီး ကပ်ရောဂါဆိုးကြီးများ၏ ဘေးဒဏ်မှ လွတ်ကင်းပြီး အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာများ ပို့သလိုက်ပါတယ်ခင်ဗျာ။

❖ *ကျောဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်ရေးပြတပ်ရင်း၊ တပ်ခွဲများ၊ ယန္တရားတပ်ခွဲများ၊ ဂုဏ်ပြုယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များ ချီတက်အလေးပြုမှု၊ ကျောင်းသား ကျောင်းသူလေးများ၏ စာလုံးသရုပ်ဖော်ပြသမှု၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ၏ ကပြဖျော်ဖြေမှုအပါအဝင် အစီအစဉ်အလိုက် လေ့ကျင့်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၃ ခုနှစ်အတွက် အနုပညာရှင်များ၏ နှစ်သစ်ကူးဆုတောင်း စကားသံများ


ဦးကြည်စိုးထွန်း


ဦးအောင်လွင်


ဒေါ်ပုလဲ


ဒေါ်ဒေစီကျော်ဝင်း


ဒေါ်နွဲ့နွဲ့စမ်း


ဦးရန်အောင်

**ဦးကြည်စိုးထွန်း**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

တစ်နှစ်တာရဲ့ နှစ်ဟောင်းပုံရိပ်တွေ ကုန်တော့မယ်ဆိုတော့ အရာရာဟာ မမြဲဘူးဆိုတဲ့ တရားသဘောကိုပြသနေပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာကိုအရင်းတည်ပြီး အပြန်အလှန်ဖေးမကူညီမှုနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်တပ်တစ်အား ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့ရဲ့တာဝန်များကျေပွန်မှုဟာ ဂုဏ်ယူဖွယ်လည်း ဖြစ်ပါတယ်။

နှစ်ဟောင်းကုန်လို့ နှစ်သစ်မင်္ဂလာ ၂၀၂၃-ခုနှစ်ကစတင်ပြီး ပြည်သူအပေါင်း စိတ်နှလုံးအေးချမ်း ပျော်ရွှင်ကြပါစေ။ ပြည်သူချစ်တဲ့ ရုပ်ရှင်လောကသားများလည်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

**ဦးအောင်လွင်**
**(ရုပ်ရှင်ဒါရိုက်တာ/သရုပ်ဆောင်)**

အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်တို့တစ်တွေဟာဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်ကြပါတယ်။ ကျွန်တော်တို့ဘာသာမှာ အဓိကထားတာကတော့ မေတ္တာ၊ ကရုဏာနဲ့ မုဒိတာပါ။ သူတစ်ပါးအပေါ်မှာ မေတ္တာထားပြီး သူတစ်ပါးအောင်မြင်တာကို ဝမ်းမြောက် ဝမ်းသာဖြစ်တတ်ကြတာကြောင့် ဒီအခြေခံအပေါ်မှာ မူတည်ပြီး ဘာသာရေးမှာ အဆုံးအမ ရှိပါတယ်။ အဲဒီအခြေခံပေါ်မှာပဲ အဓိကအားဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စားဝတ်နေရေးပြည့်စုံပြီး စိတ်အေးချမ်း၊ ကိုယ်အေးချမ်းစွာနဲ့ နေထိုင်နိုင်ပြီးတော့ နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လိုအင်ဆန္ဒပြည့်စုံသော နိုင်ငံသူ နိုင်ငံသားများ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ကျွန်တော်တို့ဟာ ရုပ်ရှင်လောကသားများကို အမြဲမေတ္တာထားလျက်ရှိပါတယ်။ အောင်မြင်တိုးတက်ပြီး အနုပညာလုပ်ငန်းမှာ ကျွန်တော်တို့ထက်ပိုပြီး တော်တဲ့၊ သာတဲ့ တပည့်များဖြစ်ပါစေလို့ အမြဲတမ်း ဆုတောင်းလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဆရာများကလည်း အဲဒီလိုပဲ ဆုပေးလေ့ရှိပါတယ်။ ရုပ်ရှင်ရုံများ စည်ကားပြီး ရုပ်ရှင်ချစ်ပရိသတ်များရဲ့ ရင်ထဲကို ရုပ်ရှင်အနုပညာများ ပြန်လည်စီးဆင်းပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

**ဒေါ်ပုလဲ(ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာပြည်သူတွေနဲ့ ရုပ်ရှင်ချစ်ပြည်သူတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှစ်သစ်မင်္ဂလာအတွက် ဆုမွန်ကောင်းပို့သပါတယ်။ ပြည်သူကနေ ရုပ်ရှင်၊ ဂီတ၊ သဘင်ကို မွေးဖွားပေးတာဖြစ်တဲ့အတွက် ပြည်သူနဲ့ ရုပ်ရှင်လောကသားအားလုံး ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။ အနုပညာကို မြတ်နိုးကြတဲ့ ပြည်သူပြည်သားအားလုံးကို လေးစားတန်ဖိုးထားပြီး စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေလို့ မေတ္တာပို့သရင်း အနုပညာရှင်များအားလုံးကို ချစ်ပါ၊ ခင်ပါ၊ အားပေးကြပါလို့ ပြောလိုပါတယ်။

**ဒေါ်ဒေစီကျော်ဝင်း(ရုပ်ရှင်သရုပ်ဆောင်)**

ချစ်ပရိသတ်ကြီးရေ နှစ်သစ်မှာ လူသစ်၊ စိတ်သစ်နဲ့ ကျန်းမာချမ်းသာပြီး လန်းဖြာကြပါစေ။ ရုပ်ရှင်ချစ်ပရိသတ်များနဲ့ ရုပ်ရှင်လောကသား မောင်နှမများ အားလုံးလည်း နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး နှလုံးစိတ်ဝမ်းအေးချမ်းမှုနှင့်အတူ ချမ်းသာကိုယ်စိတ် မြဲပါစေ။ အထူးသဖြင့် ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဒေါ်နွဲ့နွဲ့စမ်း(ရုပ်ရှင်သရုပ်ဆောင်)**

ကမ္ဘာသူကမ္ဘာသားများနဲ့ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စီကိုယ်ငှ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။ မြန်မာပြည်ကြီး အေးချမ်းသာယာကြီးပွားတိုးတက်ပါစေကြောင်း နေစဉ်ဆုတောင်းမေတ္တာ ပို့သနေပါတယ်။ ရုပ်ရှင်ချစ်ပြည်သူများနဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင်လောကသားများအားလုံး ၂၀၂၃-ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာအချိန်အခါကစပြီး ကျန်းမာချမ်းသာ အသက်ရှည်လျက် စီးပွားလာဘ်လာဘများ တိုးတက်ပြီးတော့ ဘေးဘယာ ဝေးကွာကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဦးရန်အောင်(ရုပ်ရှင်သရုပ်ဆောင်)**

၂၀၂၃-ခုနှစ် မင်္ဂလာနှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး စိတ်သစ်၊ လူသစ်နဲ့ နှစ်သစ်ကို ပျော်ပျော်ရွှင်ရွှင်ကျန်းကျန်းမာမာချမ်းချမ်းသာသာနဲ့ ကြိုဆိုဖြတ်သန်းနိုင်ပါစေ။ ၂၀၂၃ ခုနှစ်မှာ လိုအင်ဆန္ဒများ ပြည့်ဝပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအရာရာ အောင်မြင်တိုးတက်ပြီး ရောဂါများနဲ့ ကပ်ရောဂါများလည်း ကင်းဝေးကြပါစေ။ ကျွန်တော်တို့ ရုပ်ရှင်လောကသားများလည်း အစစအရာရာ အဆင်ပြေကြပါစေ။ ကျွန်တော်တို့ကို ချစ်တဲ့၊ အစဉ်အားပေးနေတဲ့ ပရိသတ်များအားလုံး ကျန်းမာချမ်းသာပြီး ဆင်းရဲခြင်းကင်းပါစေ၊ အလုပ်အကိုင်များအားလုံး အောင်မြင်တိုးတက်ကြီးပွားကြပါစေ။

**သတင်းအဖွဲ့**

## သွားနှင့်ခံတွင်းဆေးပညာ ဟောပြောပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးနှင့် ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ် (Seoul National University)တို့ပူးပေါင်း၍ LUPIC (Leading University Project For International Cooperation) စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအကြိမ် နိုင်ငံတကာ သွားနှင့်ခံတွင်းဆေးပညာ ဟောပြောပွဲကို Oline ဖြင့် ဒီဇင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ပါမောက္ခခုနစ်ဦးတို့က သွားနှင့်ခံတွင်းဆေးပညာရပ်များကို ဆွေးနွေးဟောပြောသည်။

အဆိုပါ ညီလာခံသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ သင်ကြားရေး ဆရာဆရာမများ၊ ကုသရေးဆေးရုံများမှ သွားနှင့်ခံတွင်းဆရာဝန်များ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းမှ အသင်းသားဆရာဝန်များ တက်ရောက်ကြသည်။

ဆိုးလ်အမျိုးသားတက္ကသိုလ်သည် ၂၀၂၂ ခုနှစ် ကမ္ဘာ့တက္ကသိုလ်အဆင့် သတ်မှတ်ချက်တွင် အဆင့် ၂၉ နေရာတွင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**(မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်)**

**၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာ ၃၁ ရက်**

၁။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၄ နှစ်ကျော်ကာလတိုင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၁)ကြိမ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်စဲပေးခဲ့သည်။

၂။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်နှင့် ၁၁ လကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်”** ဟူသော လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့သမိုင်းတွင် ထူးခြားလေးနက်သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့် အတူတကွ ခမ်းနားစွာကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင်း၌ ကိန်းဝပ်ရှင်သန်နေစေရေး ဆောင်ရွက်နိုင်ခဲ့သည်။

၄။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း နိုင်ငံ့သမိုင်းတွင် လေးနက်သည့် အဓိပ္ပာယ်များနှင့် ပြည့်စုံနေသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ သဘောထားကွဲလွဲမှုများအပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ၇၅ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သည့် လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝ မခံစားရသေးသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်မှသာလျှင် ဒီမိုကရေစီ၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အနှစ်သာရကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မိဘပြည်သူများသို့ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ခဲ့သည်။ ထိုသို့ ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် DKBA၊ KNU–KNLA/PC၊ PNLO၊ NMSP၊ ALP၊ RCSS(SSA)၊ LDU စသည့် အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် UWSA၊ NDAA၊ SSPP(SSA) စသည့် အဖွဲ့သုံးဖွဲ့ စုစုပေါင်း အဖွဲ့ ၁၀ တို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

၆။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့နှင့် ပတ်သက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြကာ အပြုသဘောဆောင်သည့် ဆွေးနွေးမှု ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။ ဆက်လက်၍လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တို့ကို အခြေခံသည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။

၇။ သို့ဖြစ်ပါ၍ လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်အပ်ပါသည်။

၈။ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲပေးထားသည့်ကာလအတွင်း ပြည်ထောင်စုအကျိုးကို ရှေးရှု၍ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ဒီဇင်ဘာလ (ပဉ္စမအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ လူထုအားကစားလစုပေါင်း လမ်းလျှောက်ပွဲများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပြုလုပ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် “ဒီဇင်ဘာလ (ပဉ္စမအပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲ”ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်း အင်အား ၃၆၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။**(ယာပုံ)**



**လေ့ကျင့်ခန်းများ ဆောင်ရွက်**

လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂) နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင် လှုပ်ရှား ဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ရေသန့်ဘူး၊ Royal–D နှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

**စနေနေ့တိုင်းပြုလုပ်**

ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်း လမ်းလျှောက်ပွဲများကို မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အမျိုးသားအားကစား စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူတစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲနိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**

### နွားထိုးကြီး၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းဖွင့်

**နွားထိုးကြီး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီး မြို့နယ်အဆင့်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အလယ်ကျောင်းတိုက် သီရိအောင်လှိုင်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့် အမှာစကားကို မြို့နယ်အုပ်ချုပ်ရေးမှူး မြေပြင်ကွင်းဆင်း ကောက်ယူရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက ပြောကြားပြီး မြင်းခြံခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ နွားထိုးကြီး ပြန်/ဆက်၊ နွားထိုးကြီးလဝကမှ တာဝန်ရှိသူများက စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ရှင်းလင်းကြသည်။ သင်တန်းသို့ ကျေးရွာ/ ရပ်ကွက် ၇၀ မှ စာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၃၀၈ ဦးကျော် တက်ရောက်ကြသည်။ **(၀၁၈)**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

*(ယမန်နေ့မှအဆက်)*

**အခြေအနေ (၃)**

လွတ်လပ်ခြင်းသဘောမှန်၊ အဓိပ္ပာယ်မှန်ကို မသိသောသူသည် တစ်မျိုးတစ်မည် နားလည်နေလေသည်။ လွတ်လပ်ခြင်းရအောင် စည်းမဲ့ကမ်းမဲ့ လုပ်ရသည်၊ သို့မဟုတ် စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်ခြင်းသည် လွတ်လပ်ခြင်းဖြစ်သည်ဟူ၍ နားလည်နေလေသည်။ သို့အတွက် လွတ်လပ်ရေးရရှိသောအခါ စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်တော့ပြီဟု ထင်မှတ်နေသည့်အတိုင်း စည်းမဲ့ကမ်းမဲ့ ဆက်လက်ပြုလုပ်နေကြခြင်းဖြစ်သည်။

လွတ်လပ်ရေး၏ သဘောကို မှန်ကန်စွာသိရှိ၍ ထိုသဘောအတိုင်း ပေါင်းသင်းဆက်ဆံနေထိုင်ခြင်းကို မပြုသမျှကာလပတ်လုံး၊ အခြေအနေသည် တိုးတက်လိမ့်မည်မဟုတ်။ အများသောလူထုသည် ထင်ရာလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေသမျှကာလပတ်လုံး မည်သူမျှလွတ်လပ်ခြင်းမရှိဘဲ လွတ်လပ်ခြင်း၏ အရသာကို ခံစားကြရမည် မဟုတ်ပေ။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ဂျီနီဗာလက်နက်ဖျက်သိမ်းရေးညီလာခံ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၆၂ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး ယင်းညီလာခံ၏ နှစ်စဉ်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပုံမှန်တက်ရောက်ခဲ့သည်။

**အခြေအနေ (၄)**

လွတ်လပ်ရေးရပြီး ၁၀ နှစ်သို့ ရောက်သော် ဖဆပလအဖွဲ့၏ တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ စည်းဝေးပွဲတွင် သဘောကွဲလွဲမှုပို၍ ထင်ရှားခဲ့သည်။ "နုတင် သန့်ရှင်းဖဆပလ၊ ဆွေငြိမ်းတည်မြဲဖဆပလ" အုပ်စုနှစ်ခုသည် အစိုးရအဖွဲ့ကို ကြိုးကိုင်နိုင်ရန် နှစ်ဖက်စလုံးကြိုးစားခဲ့သည့် ပုံရိပ်ရှိခဲ့သည်။ ဖဆပလ အုပ်စုနှစ်စုကွဲသွားခြင်းသည် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲမှုသက်ရောက်ခဲ့ရာ နိုင်ငံအတွက် ဒဏ်ရာကျန်ခဲ့သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်

**"နိုင်ငံရေးပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားသင့်ကြသည်။ အမျိုးသားကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့် ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်ကြောင်း ဂျပန်က လက်တွေ့ပြခဲ့ပြီ၊ အမျိုးသားစည်းလုံးညီညွတ်မှုကို အိပ်မက်မဖြစ်ပါစေနှင့်"** ဆိုတဲ့အကြောင်း ဂန္ထလောကမဂ္ဂဇင်းဆောင်းပါးပါ ဦးသန့်ရဲ့ထောက်ပြချက်ကို "မောင်ရွှေခေတ်ရေး ဦးသန့်၏အတွေ့အကြုံများ" စာအုပ်တွင် ဖတ်ရှုရပါသည်။

ဖဆပလခေတ်တွင် နိုင်ငံရေးတည်ငြိမ်မှု ကင်းမဲ့ခဲ့ရသည်။ ဖဆပလအဖွဲ့သည် စိတ်ဝမ်းကွဲ၊ သွေးကွဲ တစ်တပ်တစ်ဖိုလ် ဖြစ်သွားခဲ့သည်။ တိုးတက်မှုလမ်းကြောင်းမှ ချော်ခဲ့ရသည်။ ဝန်ကြီးချုပ်ဦးနုက မိမိရာထူးမှ နုတ်ထွက်၍ ဗိုလ်ချုပ်ကြီးနေဝင်းအား အုပ်ချုပ်ရေးအာဏာလွှဲအပ်ကြောင်း ၁၉၅၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ကြေညာလေသည်။

ထို့နောက် အိမ်စောင့်အစိုးရအဖွဲ့ကို ဂုဏ်သိက္ခာရှိသည့် ပုဂ္ဂိုလ်ကြီး (၁၄) ဦးဖြင့်ဖွဲ့ကာ လုပ်ငန်းစဉ်လေးရပ် ချမှတ်ဆောင်ရွက်ခဲ့သည်တို့မှာ မျက်မှောက်ကာလဖြစ်စဉ်နှင့် တူပေသည်။ ထူးခြားသည်မှာ စိန်ရတုကာလသို့ ချဉ်းနင်းရောက်သည့်နှစ်ဝယ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုကို တွေ့မြင်ရသည်။ ပြည်တွင်းပြည်ပပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးလျက်ရှိသည်ကိုတွေ့ရသည်။

> **"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနေပြီဖြစ်"**

**အခြေအနေ (၅)**

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ တိုးပွားမှု၊ ကျဆင်းမှုတို့သည်လည်း ထိုလူ့အဖွဲ့အစည်း၊ ထိုတိုင်းပြည်၏ ဉာဏ်၊ ဝီရိယနှင့် စည်းလုံးညီညွတ်မှုအပေါ်တွင် ပဓာနအားဖြင့် တည်နေပုံကို လယ်တီဆရာတော်က –

**"…. တစ်ယောက်၏ ဉာဏ်၊ ဝီရိယသည် အားရှိသလောက် အကျိုးကိုဖြစ်ထွန်းစေနိုင်သည်။ ထို့ထက် နှစ်ယောက်ညီလာသော ဉာဏ်ဝီရိယသည် အားများစွာပါနေသည်။ ထိုထက် သုံးယောက်ညီလာသော ဉာဏ်ဝီရိယ၊ ထိုထက်လေးယောက်၊ ထိုထက် ငါးယောက်၊ တစ်ကျိပ်၊ တစ်ရာ၊ တစ်ထောင် စသည်ဖြင့် အများညီညွတ်သော ဉာဏ်ဝီရိယသည် တိုင်းကိုကြံနိုင်သည်။ ပြည်ကိုကြံနိုင်သည်။ ဤကဲ့သို့သော အရာများမှာ ကံသည် ပဓာနမဟုတ်၊ အများညီညွတ်သော ဉာဏ်၊ ဝီရိယသည်သာ ပဓာနပေတည်း…"** ဟု တွေးမြင်တင်ပြခဲ့သည်။

လွတ်လပ်ရေးမရမီကာလမှာ ဗြိတိသျှ၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့တွင် ဆိုရှယ်လစ်စနစ် ကျင့်သုံးသည့်ကိစ္စက ရေပန်းစားနေရာ မြန်မာတွင်လည်း ပြောဖွယ်ရာမရှိပြီ။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီပေါ်ပေါက်လာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖွဲ့စည်း၍ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၆၂ မှ ၁၉၈၈ ကာလသည် လူနှင့်ပတ်ဝန်းကျင်တို့ အပြန်အလှန်အကြောင်းအကျိုးပြုနေသည်ဟု ခံယူထားသည့် သဘောတရားများ ပေါ်ပေါက်လာသော ကာလဖြစ်သည်။ လူ့ဘဝနှင့် လူ့သမိုင်း၏ ကံကြမ္မာဖန်တီးရေးတွင် ပတ်ဝန်းကျင်က အခြေအနေပေး၍ လူက အဆုံးအဖြတ်ပေးသည်ဟူသော လူသာပဓာနအမြင် ပေါ်ပေါက်ခဲ့သည်။ လူသာပဓာနဆိုရာ၌ လုပ်သားပြည်သူအများကို ရည်ညွှန်းသောအတွေးအခေါ်ဖြစ်သည်။ ရုပ်သာအဓိက၊ စိတ်သာအဓိကဟု အငြင်းပွားမှုပြဿနာများမရှိသော အတွေးအခေါ်ဖြစ်သည်။ လူနှင့် ပတ်ဝန်းကျင်တို့၏ အညမညသဘောတရားသည် သမိုင်းကြောင်းကို အစဉ်တိုးတက်နေသည်ဟု မခံယူပေ၊ လူတို့အပေါ် မူတည်၍သာ တိုးတက်နိုင်သည်ဟု ခံယူသည်။

ဆိုရှယ်လစ်သမ္မတလူ့ဘောင် တည်ဆောက်ရာတွင် တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားများသည် အခြေခံလူတန်းစားတစ်ရပ်ဖြစ်ရာ ထိုလူတန်းစားတို့ စည်းလုံးညီညွတ်မှုရရှိရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အုန်းတော၊ ၁၉၆၃ ခုနှစ်တွင် ဒူးယား၊ ၁၉၆၃ခုနှစ် ဒီဇင်ဘာလတွင် ပုပ္ပား၊ ၁၉၆၄ ခုနှစ်တွင် ခပေါင်း၊ ၁၉၆၅ ခုနှစ်နှင့် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်တို့၌ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးများ ကျင်းပ၍ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်၊ ချောက်တို့တွင် အလုပ်သမားနှီးနှောဖလှယ်ပွဲကြီးများကျင်းပသည်။

လူ့ဘောင်သမိုင်း၏ ပြောင်းလဲမှုများကို ပဓာနအားဖြင့် ဆောင်ကြဉ်းသူမှာ အသိဉာဏ်ရှိသော လူသားဖြစ်သည်။ လူ့သမိုင်းတိုးတက်မှုသည် လူ၏ အဆုံးအဖြတ်ပေးနိုင်မှုအပေါ်တည်သဖြင့် အလုပ်လုပ်သော လုပ်သားပြည်သူတို့၏ ပဓာနကျသော အခန်းကို အလေးအနက်ထား ဖော်ဆောင်သော အတွေးအခေါ်ဖြစ်သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်တွင် အထင်အမြင်များ တိမ်းစောင်း၊ ဘေးပယောဂများပူး၊ စီးပွားရေး ထင်သလောက်မဖွံ့ဖြိုး ခရီးမပေါက်ဖြစ်ခဲ့သည်ဟု ဆိုပါသည်။

နှစ်ဆယ်ရာစု မြန်မာနိုင်ငံသမိုင်းကို ကြည့်လျှင် ရံဖန်ရံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးဆီသို့ တွန်းပို့သည့် ခြိမ်းခြောက်မှုများ ကြုံခဲ့ရသည်။ နှစ်ဆယ်ရာစုနှောင်းပိုင်းအထိပါပဲ။ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ထင်သလောက်ခရီးမပေါက်၊ တိုင်းပြည်သည် အထနှေးနေခဲ့သည်။

**အခြေအနေ (၆)**

မြန်မာတို့ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် အေးအတူပူအမျှ နှစ်ပရိစ္ဆေဒနေထိုင်ခဲ့ကြသည့် မြန်မာတို့၏ စိန်ရတုလွတ်လပ်ရေးခရီးနှင့် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာဝပြောနိုင်ဖို့ ကိုယ့်အားကိုယ်ကိုးကြရမည်။

- "လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည်လည်း ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်သည်။ "
- "ယနေ့အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလဖြစ်သည်။ တိုင်းရင်းသားညီနောင်အားလုံး တန်းတူဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။"
- "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။"
- **"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်သဖြင့် နိုင်ငံရေးအရ အားပြိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံအတွက် အကျိုးရှိမည့်စီမံကိန်းများ ဆောင်ရွက်နေမှုကို ကန့်ကွက်နေမှုများအား စဉ်းစားဆောင်ရွက်ကြစေလိုသည်" (နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်)**

ယနေ့ အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလ ဖြစ်သည်။ တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိန်ရတုလွတ်လပ်ရေးမှသည် အနာဂတ်တိုင် ဒို့တာဝန်အရေးသုံးပါးကို မူဝါဒအဖြစ် တစ်တိုင်းပြည်လုံးက ကျင့်ကြံအားထုတ်နေကြရမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

# မွန်ပြည်နယ်ဝန်ကြီးများ ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**မော်လမြိုင် ဒီဇင်ဘာ ၃၁**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုလျက် မွန်ပြည်နယ်တွင် အများပြည်သူတစ်ရပ်လုံး ပါဝင်သည့် ကိုယ်လက်လှုပ်ရှားအားကစားကို နေ့စဉ် ပုံမှန်လှုပ်ရှား ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့၌ ကျင်းပသည်။




အဆိုပါ လမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြု သားဖွားသင်တန်းကျောင်း၊ အားကစားနှင့် ကာယသိပ္ပံ လေ့ကျင့်ရေးကျောင်း (မော်လမြိုင်) နှင့် အခြေခံပညာကျောင်းတို့မှ ကျောင်းသူကျောင်းသားများနှင့် အားကစားလိုက်စားသူ အများပြည်သူများ အင်အား ၁၃၀၀ ကျော်တို့ စုပေါင်း ပါဝင်ဆင်နွှဲကြသည်။

လမ်းလျှောက်ပွဲ စုရပ်ကို မော်လမြိုင်မြို့ မောရဝတီပန်းခြံရှေ့၌ပြုလုပ်ပြီး ဗဟိုလမ်းမကြီး တစ်လျှောက်သို့ စတင်ထွက်ခွာ၍ အထက်လမ်းမကြီး တစ်လျှောက်နှင့် သာသနာ့ဗိမာန်လမ်းတစ်လျှောက်မှ ကျောင်းသားအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲကို တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပြည်သူများသည် မော်လမြိုင်မြို့ ကျောင်းသားအားကစားကွင်း၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပါဝင်ဆောင်ရွက်ခဲ့ကြကာ ပျော်ပွဲရွှင်ပွဲ အစီအစဉ်အနေဖြင့် အမှတ်တရ ဆုမဲများ ဖောက်ပေးခဲ့ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



## ဗဟန်းမြို့နယ်၌ ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဗဟန်း ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ကမ္ဘာ့ဇလမ်းရှိ မူလတန်းကြိုကျောင်း အမှတ်(၁)ဗဟန်းတွင် ယနေ့ နံနက်ပိုင်းက ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မူကြိုကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြပြီး ရိုးရိုးအပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ရေဘူးဖြည့်ပြိုင်ပွဲ၊ အင်္ကျီကြယ်သီးတပ်ပြိုင်ပွဲ အပျော်တမ်းလွန်ဆွဲပွဲပြိုင်ပွဲများတွင် ဆုရရှိသည့် သားငယ် သမီးငယ်များအား ဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲများကို ကလေးများ ကာယ၊ ဉာဏ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် လားရှိုးမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ယနေ့ နံနက် ၇ နာရီတွင် လားရှိုးမြို့ ဟူးမွန်ကျေးရွာအုပ်စု ခေးခမ်းကျေးရွာရှိ ငြိမ်းချမ်းကမ္ဘာအောင်ဇေယျာ စေတီတော်မြတ်ကြီး ကျောင်းဝင်းအတွင်း၌ လားရှိုးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်လင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာနေ ပြည်သူလူထုများဖြင့် စုပေါင်းသန့်ရှင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းရေးပြုလုပ်နေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ပြည်နယ်အစိုးရအဖွဲ့(ရှမ်း/မြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး(လားရှိုး)ရဲမှူးကြီး အောင်မြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး(လားရှိုး)ဒုတိယရဲမှူးကြီး ဝေဠုသတိုးတို့က ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့်ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများကို စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



## စိန်ရတုလွတ်လပ်ရေးမှသည် ရတုအဆက်ဆက်ဆီ

✻ တစ်ခါကစစ်ရိပ်၊ အင်္ဂလိပ်ကြောင့်
ဆိတ်သုဉ်းသွားရ၊ ထိုကာလသည်
ကြာလှရှည်စွာ၊ ရှိခဲ့ပါ၏
ဆုံးကာလွတ်လပ်ရေး၊ ပြန်ရရေးတွက်
သွေးချွေးအသက်၊ များစွာပေးဆပ်ခဲ့
ထက်မြက်ခေါင်းဆောင်များ၊ စွမ်းဆောင်အားကြောင့်
များစွာနှစ်ပေါင်း၊ ကြာရှည်ညောင်းလျက်
အဟောင်းကွယ်ပျောက်၊ အသစ်ရောက်၍
ထွန်းတောက်ရောင်ခြည် ပေါ်ခဲ့သည်။
( ၇၅ )နှစ်တိုင်တိုင် ကြာခဲ့ပြီ....။

✻ တစ်ကိုးလေးရှစ်၊ မင်္ဂလာနှစ်သစ်တွင်
ခေတ်ပြောင်းစနစ်ပြောင်း၊ အားသစ်လောင်း၍
သောင်းသောင်းဖြဖြ၊ ကြိုဆိုကြရင်း
ရထားလွတ်လပ်ရေး၊ မဆုံးရှုံးရေးတွက်
ဘေးရန်ကျလာ၊ ကာကွယ်ပါသည်
လေမှာလွင့်ပျံ၊ ငါတို့အလံတွက်
ပေးရန်သွေးချွေး၊ စဉ်မနေးဘဲ
လေးမြတ်သစ္စာ ပန်ခဲ့သည်။
စိန်ရတုနှစ်တိုင် ရောက်ခဲ့ပြီ....။

✻ (၇၅)နှစ်ပြည့်၊ လွတ်လပ်ရေးနေ့သည်
ပျော်မွေ့ချိန်ခါ၊ ရက်မြတ်သာတည့်
ကောင်းစွာဖြတ်သန်း၊ မြန်ပြည်တစ်ဝန်းတွင်
လန်းဆန်းဖြာဝေ၊ ရှိရလေအောင်
ပန်းတွေပွင့်နှယ်၊ ရနံ့သယ်၍
တွယ်တာချစ်ခင်၊ သံယောဇဉ်နှင့်
ရင်ချင်းတူကြ၊ ငြိမ်းချမ်းရေးရလျက်
ပြည်မတောင်တန်း၊နယ်စပ်အဝှမ်းထိ
စိမ်းလန်းဝေဆာ၊ ပြည်သာယာသော်
ဝင့်ကာမော်ကြွား၊ အောင်ပွဲလားသို့
မားမားရပ်တည် ရှေ့ဆက်ချီ။
စိန်ရတုမှသည် ရတုအဆက်ဆက်ဆီ။ ။

====================

၂၀၂၃ ခုနှစ် ဇန်နဝါရီလ( ၄ )ရက်နေ့တွင်ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အတွက် ဂုဏ်ပြုရေးဖွဲ့ပါသည်။

**ရဲမင်းစိုး**

*စာမျက်နှာ ၁၀ မှ*

လောကဇာတ်ခုံကား အစမှအဆုံး သာယာ၍နေသည်မဟုတ်၊ ငိုပွဲလည်းရှိသည်။ ရွှင်ပွဲလည်းရှိသည်။ ဘဝနှင့် မကင်းကွာသူဟူသရွေ့သည် ငိုပွဲတစ်ခန်း၊ ရွှင်ပွဲတစ်ခန်း တွေ့ရမည်သာဖြစ်ပေသည်။ မည်သည့်ပွဲနှင့် တွေ့ရသည်ဖြစ်စေကာမူ ရှေးပုဂံသူပုဂံသားများကဲ့သို့ အားရှိရှိနှင့် တွေ့ကြခြင်းသာလျှင် စိတ်ဓာတ်၏တည်ကြည်ခိုင်မြဲရေးကို သန့်စင်တောင့်တင်းလျက် အမျိုးသားဗိမာန်ကြီး တည်ဆောက်ရေး၌ ခြေလှမ်းမှန်မှန်နှင့် ချီတက်နိုင်ကြပါစေ၊ လောကီလောကုတ္တရာနှစ်ဖြာနှင့် ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာသည့်ဘဝကို မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းရပါလိမ့်မည်။ ကျွန်တော်တို့တစ်တွေသည် သံသရာတစ်ကွေ့တွင် ယခုလိုဆုံတွေ့ရသည့်ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုသည့်ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုသည့်ဝိသေသ၊ နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါနှင့် နေနိုင်သည့် အခြေအနေကို ချစ်မြတ်နိုးကြရပါမည်။

**နိဂုံးချုပ်ရရင်ဖြင့်–**

၂၀၀၀ ပြည့်နှစ်များတွင် ပညာတတ်သည်ထက်တတ်အောင် အမျိုးသားရေးစရိုက်လက္ခဏာများ တည့်မတ်လာသည်ကို တွေ့ရပါသည်။ အရည်အချင်း မြင့်သည်ထက်မြင့်အောင်၊ ကျွမ်းကျင်မှုအရည်အသွေး မြင့်သည်ထက်မြင့်အောင် တက္ကသိုလ်ကောလိပ်များ တည်ထောင်ခဲ့သည်မှာ အမျိုးသားလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ဆောင်ကြဉ်းပေးခြင်းပဲ ဖြစ်ပါသည်။ ပြည်သူတို့ ဘဝသစ်ဖန်တီးနိုင်ရေးတွင် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းရန် ၊ အကြမ်းမဖက်သည့် လူ့အသိုင်းအဝိုင်း တည်ထောင်နိုင်ရန်ပင် ဖြစ်ပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးပင် ဖြစ်ပါသည်။ ဉာဏ်အမြော်အမြင်နှင့် မေတ္တာတို့ဖြင့် တိုင်းပြည်၏ ကံကြမ္မာကို ဖော်ဆောင်ပါလိမ့်မည်။

အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစု မြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစု မြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရဖွယ် အမွေအနှစ်များ၊ ကောင်းမွေများကို ယူတတ်ရန်နှင့် မကောင်းသည်ကို ပယ်တတ်သည့်အရည်အချင်း၊ ဉာဏ်အမြော်အမြင်များ ရှိကြရပါလိမ့်မည်။ အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများဖြင့် ပြည့်လျက်ရှိနေသည်မို့ ခရီးဆက်ကြရဦးမည်ဟု ယုံကြည်ပါကြောင်း မေတ္တာဖြင့် တင်ပြလိုက်ရပါသည်။

**ကျမ်းကိုး**

- ဦးသန့်၏ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန်ပန်းဝေဝေ စာပေ၊ ၂၀၁၃ ခုနှစ်
- ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန
- Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
- “၂၀ ရာစု မြန်မာနိုင်ငံ” အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်





# နေပြည်တော်၌ နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ဂီတဖျော်ဖြေပွဲများကျင်းပကာ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော်ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ အပန်းပြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် နှစ်သစ်ကိုကြိုဆိုသည့် ဂီတဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်ကို ယနေ့ညပိုင်းက နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ယနေ့ည နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပသည့် နှစ်သစ်ကိုကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲအစီအစဉ်တွင် Music Band ၊ DJ များဖြင့်တွဲဖက်၍ နိုင်ငံကျော် အဆိုတော်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီအချိန်တွင် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နှစ်သစ်ကို ပြည်သူများက တစ်ခဲနက် ပျော်ရွှင်စွာဖြတ်သန်းကြသည်။

ဖျော်ဖြေပွဲသို့လာရောက်ကြသည့် ပြည်သူများ စားရေးသောက်ရေး အဆင်ပြေစွာဝယ်ယူစားသောက်နိုင်ရေးအတွက် Night Market ဈေးရောင်းပွဲ ထည့်သွင်း၍ မြန်မာ့ရိုးရာအစားအစာ၊ ကိုရီးယားအစားအစာ၊ ထိုင်းအစားအစာများကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရာ ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည်။ **သတင်းစဉ်**

# ၂၀၂၃ နှစ်သစ်ကူး ထူးကဲပျော်ရွှင် ရန်ကုန်တစ်ခွင်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၂ ကုန်ဆုံး၍ ၂၀၂၃ နှစ်သစ်ကူးကြိုဆိုမှုကို ယနေ့ညပိုင်းက ရန်ကုန်မြို့၌ ပြည်သူများ ထူးထူးကဲကဲ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၂၀၂၃ ခုနှစ်သို့ ချင်းနင်းဝင်ရောက်မည့် နှစ်သစ်ကူးမင်္ဂလာ



ညချမ်း၌ ရွှေတိဂုံစေတီတော်မြတ်၊ ဗိုလ်တထောင်စေတီတော်မြတ်၊ ကျောက်တော်ကြီးဘုရား၊ မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ၊ ပြည်သူ့ရင်ပြင်ဥယျာဉ်၊ ကန်တော်ကြီး၊ အင်းလျားကန်ပေါင်၊ ဘာသာရေးအဆောက်အဦများ၊ ဟိုတယ်/မိုတယ်များ၊ စားသောက်ဆိုင်ကြီးများ၊ ညဈေးတန်းများ၊ ဈေးဝယ်စင်တာများ၊ အများပြည်သူအပန်းဖြေရာ ပန်းခြံများနှင့် အဓိကလမ်းမကြီးများတွင် ရောင်စုံမီးဆိုင်းများ ထွန်းလင်းလှပစွာ ထွန်းညှိ၍ တွေ့မြင်သူအပေါင်း၏ စိတ်နှလုံးကို ရွှင်လန်းစေပြီး ပြည်သူများ ပျော်ရွှင်စွာဖြင့် နှစ်သစ်ကို ကြိုဆိုကြသည်။

ရန်ကုန်မြို့ နှစ်သစ်ကူးညချမ်းတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်ရှိ ပြည်သူ့ရင်ပြင်၌ ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိစေရန်အတွက် နိုင်ငံတကာနှစ်သစ်ကို ကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ ( New Year Countdown Music Show)ကို ည ၈ နာရီတွင် GREAT NINE MUSIC BAND ၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေခဲ့ရာ ပရိသတ်များက လွတ်လပ်ပေါ့ပါးစွာဖြင့် တစ်ခဲနက် အားပေးခဲ့ကြသည်။

နှစ်သစ်ကူးချိန် ဖြစ်သည့် ၂၀၂၂ ခုနှစ် ည ၁၂ နာရီတွင် နှစ်သစ်ကူးပြောင်းချိန်ကို Music Show က ကြေညာ၍ Countdown ပြုလုပ်ပေးရာ ၂၀၂၃ ခုနှစ်သို့ ကြိုဆိုသော ပြည်သူတို့၏ Happy New Year ကိုကြိုဆိုသောအသံသည် ရန်ကုန်ဆောင်းကိုပွေ့ဖက်ထားသော ပြည်သူ့ရင်ပြင်ကို လွှမ်းခြုံသွားခဲ့သည်။ ထိုအချိန်တွင် မီးရှူးမီးပန်းများပစ်ဖောက်သည့်ပုံရိပ်များကို LED ဖြင့် ပြသပြီး မီးပုံးပျံများကို လွှတ်တင်ရာ ပြည်သူများက တစ်ခဲနက်အားပေးကြသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

## ကျောက်တော်မြို့နယ် သရက်တစ်ပင်ကျေးရွာ၌ ဆောင်းနေကြာ ၃၅ ဧက ဖြစ်ထွန်းမှု ကွင်းဆင်းစစ်ဆေး

**ကျောက်တော် ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေဖြင့် ကျောက်တော်မြို့နယ် သရက်တစ်ပင်ကျေးရွာ၌ တောင်သူ ခုနစ်ဦး စိုက်ပျိုးထားရှိသော ဆောင်းနေကြာ ၃၅ ဧက အောင်မြင်ဖြစ်ထွန်း နေမှုကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ခိုင်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရန်ပုံငွေဖြင့် ဆောင်းနေကြာအပါအဝင် အခြားသော ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးနိုင်ပြီး တောင်သူများအနေဖြင့် နှစ်စဉ်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ လည်ပတ်လာနိုင်သဖြင့် မိသားစုစီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်

**နတ်တလင်း ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနပေါင်းစုံဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး ပထမပွဲစဉ်အဖြစ် ပညာ၊ ကျန်းမာအသင်းနှင့် စိုက်ပျိုးမွေးကုအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဌာနဆိုင်ရာအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများအား ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံဖြိုး**

**(ပြန်/ဆက်)**

## ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)၌ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း နှီးနှောဖလှယ်ဆွေးနွေး

**မြောင်းမြ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် အာရှဒေသ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFACI) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)တို့ ပူးပေါင်းဆောင်ရွက်သော အခြေခံဘက်စုံ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း နှီးနှောဖလှယ်ခြင်းနှင့် ဆွေးနွေးပွဲကို ယနေ့နံနက်က ဒေသသုတေသနဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်သိန်းညွန့်က အမှာစကားပြောကြားပြီး ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)မှ သုတေသနအရာရှိ ဒေါ်ဖြူပြာလွင်က ဆွေးနွေးပွဲကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းညွန့်က စိုက်ပျိုးပင်များတွင် ကျရောက်တတ်သော ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းများနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီဝင်း က သီးနှံပင်များ ဘက်စုံရောဂါ ကာကွယ်နှိမ်နင်းနည်းများကို ပို့ချဆွေးနွေးသည်။



ဆွေးနွေးပွဲသို့ ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)မှ ဝန်ထမ်းများနှင့် ကျေးလက်နေတောင်သူများ တက်ရောက်ကြသည်။

**မြောင်းမြ(ပြန်/ဆက်)**

# တရုတ်မှ ဆိုက်ရောက်လာမည့်သူများအတွက် ကိုဗစ်-၁၉ ဆိုင်ရာ အစီအမံသစ်များ ဥရောပနိုင်ငံများ ထုတ်ပြန်ကြေညာ

ပဲရစ် ဒီဇင်ဘာ ၃၁

**တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည့်အတွက် တရုတ်နိုင်ငံမှ ရောက်ရှိလာသောသူများအား ပိုမိုတင်းကျပ်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အစီအမံများကို ဥရောပနိုင်ငံများက ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။**



အင်္ဂလန်သို့ တိုက်ရိုက်လေကြောင်းလိုင်းဖြင့် တရုတ်ပြည်မကြီးမှ ရောက်ရှိလာသောသူများအတွက် ဗြိတိန်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အစီအမံအသစ်များကို ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ ထုတ်ပြန်ကြေညာချက်အရ ဇန်နဝါရီ ၅ ရက်မှ စတင်ကာ တရုတ်ပြည်မကြီးမှ ရောက်ရှိလာမည့်သူများအနေဖြင့် ခရီးစဉ်မထွက်ခွာမီ နှစ်ရက်အတွင်း စစ်ဆေးထားသော ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရခြင်းမရှိသည့် စာရွက်စာတမ်းအထောက်အထားကို ပြသရန် လိုအပ်ကြောင်း သိရသည်။

ဇန်နဝါရီ ၈ ရက်မှစပြီး နိုင်ငံအတွင်းသို့ ဆိုက်ရောက်လာသူ နမူနာကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်နိုင်ခြေရှိသော မျိုးကွဲအသစ်များအတွက် စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း ဗြိတိန်တာဝန်ရှိသူများက ပြောသည်။ ထို့အပြင် ပြင်သစ်အစိုးရကလည်း တရုတ်နိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိလာမည့်သူများအား မထွက်ခွာမီ နှစ်ရက်အတွင်း ကိုဗစ်-၁၉ ပိုးမရှိကြောင်း စမ်းသပ်စစ်ဆေးထားသည့် စာရွက်စာတမ်းအထောက်အထားပြသရန် လိုအပ်ကြောင်း ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

စပိန်အစိုးရကလည်း တရုတ်နိုင်ငံမှ ဆိုက်ရောက်လာမည့်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိကြောင်း သို့မဟုတ် ကိုဗစ်ကာကွယ်ဆေးထိုးနှံထားကြောင်း အထောက်အထားပြသရန် လိုအပ်ကြောင်း အစီအမံသစ်များကို ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီတလီနိုင်ငံကလည်း တရုတ်နိုင်ငံမှ ဆိုက်ရောက်လာမည့်သူများအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အစီအမံသစ်များကို ထုတ်ပြန်ကြေညာထားသည်။ **အင်န်အိတ်ချ်ကေ**



## အာရပ်လူဦးရေ သန်း ၁၃၀ ခန့် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်အောက် ရောက်နေဟုဆို

**ဘေရွတ် ဒီဇင်ဘာ ၃၁**

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) နိုင်ငံများနှင့် လစ်ဗျားနိုင်ငံတို့မှအပ အာရပ်ဒေသလူဦးရေ၏ သုံးပုံတစ်ပုံမှာ ဆင်းရဲမွဲတေမှု သတ်မှတ်ချက်အောက် ရောက်နေကြောင်း ဒီဇင်ဘာ ၃၀ ရက်တွင် အနောက်အာရှဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင် (အီးအက်စ်စီဒဗလျူအေ) က ထုတ်ပြန်သော စစ်တမ်းတစ်ခုအရ သိရသည်။

အမျိုးသား ဆင်းရဲမွဲတေမှုသည် အာရပ်နိုင်ငံများတွင် လူပေါင်း သန်း ၁၃၀ အထိ မြင့်တက်လာကြောင်း အာရပ်ဒေသရှိ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စစ်တမ်းက ဆိုသည်။ အဆိုပါ စစ်တမ်းက လာမည့် နှစ်နှစ်အတွင်း ဆင်းရဲမွဲတေမှု ဆက်လက်မြင့်တက်နိုင်ပြီး ၂၀၂၄ ခုနှစ်တွင် လူဦးရေ၏ ၃၆ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိသည်ဟု မျှော်မှန်းထားသည်။

ထို့အပြင် အာရပ်ဒေသသည် ၂၀၂၂ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ထားကြောင်း သိရသည်။ သို့သော်လည်း လာမည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနောက်ပိုင်း စီးပွားရေး ပြန်လည်ထူထောင်ရန် ကြိုးပမ်းအားထုတ်မှုများကြောင့် အလုပ်လက်မဲ့နှုန်း အနည်းငယ် ကျဆင်းနိုင်သည်ဟု ဆိုသည်။

**ဆင်ဟွာ**

## အီရန်နိုင်ငံ တီဟီရန်၌ ဘတ်စ်ကားနှစ်စီး တိုက်မှုဖြစ်ပွား တစ်ဦးသေဆုံးပြီး ၃၇ ဦး ထိခိုက်ဒဏ်ရာရ

**တီဟီရန် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အီရန်နိုင်ငံ တီဟီရန်ရှိ အီမန်ခိုမိုင်နီအပြည်ပြည်ဆိုင်ရာလေဆိပ်အနီး၌ ဘတ်စ်ကားနှစ်စီး တိုက်မှုဖြစ်ပွားရာ ခရီးသည်တစ်ဦး သေဆုံးပြီး ၃၇ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း Tasnim သတင်းဌာန၏ အစီရင်ခံတင်ပြမှုအရ သိရသည်။

**အရေးပေါ်ဌာနများသို့ ပို့ဆောင်**

ထို့အပြင် ထိခိုက်ဒဏ်ရာရရှိသူများထဲမှ ၁၁ ဦးမှာ စိုးရိမ်ရအခြေအနေတွင်ရှိကြောင်း လေဆိပ်ရဲချုပ်၏ ပြောကြားချက်ကို အဆိုပါ သတင်းဌာနက ကိုးကားဖော်ပြသည်။ ထိခိုက်ဒဏ်ရာရရှိသူအားလုံးကို ဒေသဆိုင်ရာ အရေးပေါ်ဌာနများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**အခြားဘတ်စ်ကားကို ဝင်တိုက်**

ပင်ပန်းပြီး အိပ်ငိုက်နေသော ယာဉ်မောင်းက ရှေ့တွင်ရှိသော အခြားဘတ်စ်ကားကို ဝင်တိုက်မိသောကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲချုပ်က ပြောသည်။ **ဆင်ဟွာ**



ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ဘတ်စ်ကားတစ်စီးအား တွေ့ရစဉ်။

## ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၉၁ ဦးတွေ့ရှိ

**မနီလာ ဒီဇင်ဘာ ၃၁**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၃၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအသစ် ၅၉၁ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၀၆၄၄၄၃ ဦးအထိ ရှိလာပြီဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၁၃၄၉၇ ဦးသို့ ကျဆင်းလာကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၆ ဦး ရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၅၃၈၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။ ထပ်မံကူးစက်ခံရသူများအနက် မြို့တော်မနီလာဝန်းကျင်ဒေသမှ ၂၀၇ ဦး ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ တမီးလ်နာဒူး၌ မီးရှူးမီးပန်း ပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူပြည်နယ်တွင် မီးရှူးမီးပန်းများ သိုလှောင်ထားရာ နေအိမ်တွင် ဒီဇင်ဘာ ၃၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

**နေအိမ် ၁၆ လုံး ပျက်စီး**

တမီးလ်နာဒူပြည်နယ် မြို့တော် ချန်နိုင်းမြို့နှင့် ၃၇၄ ကီလိုမီတာအကွာရှိ နန်မာခ်ခယ်ခရိုင်တွင် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မီးရှူးမီးပန်းများနှင့် ဓာတ်ငွေ့စလင်ဒါတစ်လုံး ပေါက်ကွဲမှုကြောင့် နေအိမ် ၁၆ လုံး ပျက်စီးခဲ့ရသည်ဟု မီးသတ်ဌာန၏ ထုတ်ပြန်ချက်ကို ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

**နေအိမ်တွင် သိုလှောင်ထား**

မီးတောက်ကို ငြိမ်းသတ်နိုင်ရေး နာရီအနည်းငယ်ကြာ ကြိုးပမ်းခဲ့ရသည်ဟု အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားကာ ဒေသတွင်းမီဒီယာတွင် ဖော်ပြထားသည်။ မီးရှူးမီးပန်းရောင်းချသည့် ဆိုင်ပိုင်ရှင်မှာ နှစ်သစ်ကူးတွင် ရောင်းချရန်အတွက် မီးရှူးမီးပန်းများကို ၎င်း၏ နေအိမ်တွင် သိုလှောင်ထားခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ပြည်တွင်းစစ် စတင်ဖြစ်ပွားသည့်အချိန်မှစတင်က ဆီးရီးယား၌ လူသေဆုံးမှုအနည်းဆုံးဖြစ်

**ဒမတ်စကတ် ဒီဇင်ဘာ ၃၁**

ဆီးရီးယားပြည်တွင်းစစ်ကြောင့် ၂၀၂၂ ခုနှစ်တွင် သေဆုံးသူ ၃၈၂၅ဦးရှိခဲ့ရာ ဆယ်စုနှစ်တစ်ခု ကျော်ကြာ ပြည်တွင်းစစ်အတွင်း လူသေဆုံးမှု အနည်းဆုံးဖြစ်သည်ဟု စစ်ပွဲစောင့်ကြည့်ရေးအုပ်စုက ဒီဇင် ဘာ ၃၁ ရက်တွင် ပြောသည်။

၂၀၂၁ ခုနှစ်တွင် ဆီးရီးယားတွင် သေဆုံးသူဦးရေမှာ ၃၇၄၆ဦး ရှိသည်ဟု ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စုက ပြီးခဲ့သည့်နှစ်က ဖော်ပြခဲ့သည်။ သို့သော်လည်း သေဆုံးသူစာရင်းမှာ တိုးလာခဲ့ပြီး ၃၈၈၂ဦးဟုပြင်ဆင်ဖော်ပြခဲ့သည်။ ကြောက်မက်ဖွယ် ဆီးရီးယား ပဋိပက္ခမှာ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်းသိသိသာသာအရှိန်လျော့ကျလာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် သေဆုံးခဲ့သူများထဲတွင် အရပ်သား ၁၆၂၇ ဦး ပါဝင်ပြီး ကလေး ၃၂၁ ဦး ပါဝင်သည်ဟု လူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စု၏ ပြောကြားချက်အရ သိရသည်။

အရပ်သားသေဆုံးသူ ၂၀၉ ဦးတွင် ထက်ဝက်ခန့်မှာ ကလေးများဖြစ်ပြီး ၎င်းတို့မှာ ဗုံးပေါက်ကွဲမှု သို့မဟုတ် မိုင်းကြောင့် သေဆုံးရသူများဖြစ်သည်။ အစိုးရလုံခြုံရေး ဝန်ထမ်းများထဲတွင်၆၂၇ဦးသေဆုံးခဲ့သည်ဟု လူ့အခွင့်အရေးအုပ်စု၏ ဖော်ပြချက်အရ သိရသည်။

လုံခြုံရေးအခြေအနေ ဖရိုဖရဲဖြစ်မှုများကြောင့် သေဆုံးမှုများ၊ အစ္စရေးဘက်မှ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ဆီးရီးယားကန္တာရအတွင်း အိုင်အက်စ်အုပ်စုများ၏ တိုက်ခိုက်မှုများကြောင့် ဖြစ်သည်ဟု စောင့်ကြည့်ရေးအုပ်စုမှ ညွှန်ကြားရေးမှူး ရာမီ အဗ္ဗဒယ်ရာဟမ် က အေအက်ဖ်ပီသို့ ပြောသည်။ ဆယ်စုနှစ်ကျော် ကာလအတွင်း စစ်ကြောင့် လူသန်းတစ်ဝက် နီးပါးမှာ အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ **အေအက်ဖ်ပီ**



ဆီးရီးယားတွင် ပြည်တွင်းစစ်ကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

# ၂၀၂၂ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၏ စတော့များ ၃၀ ရာခိုင်နှုန်းကျော်ဆုံးရှုံး

**ကိုလံဘို ဒီဇင်ဘာ ၃၁**

သီရိလင်္ကာနိုင်ငံ၏ စတော့များသည် ၂၀၂၂ ခုနှစ်အတွင်း ၃၀ ရာခိုင်နှုန်းကျော် ဆုံးရှုံးကြောင်း ကိုလံဘိုစတော့အိတ်ချိန်းမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယင်းမှာ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများကြောင့်ဖြစ်ကြောင်း စတော့ကုန်သည်များက ဒေသတွင်းမီဒီယာသို့ ပြောကြားသည်။ သို့သော်လည်း အညွှန်းကိန်းများမှာ ၂၀၂၂ ခုနှစ်အတွင်း ကုန်သွယ်မှု၏ နောက်ဆုံးပတ်တွင် အမြတ်များရရှိခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

ကုန်သွယ်မှု၏ နောက်ဆုံးပတ်အတွင်း ဝေစုအားလုံး၏ ဈေးနှုန်းအညွှန်းကိန်းသည် ဈေးကွက်တစ်ခုလုံး၏ ရွေ့လျားမှုအတိုင်းအတာများမှာ ၁၀၉ ဒသမ ၇ အဆင့်ရရှိကြောင်း သိရသည်၊

အလုံးစုံအဆင့် ဆုတ်ယုတ်မှုများရှိသော်လည်း ၂၀၂၂ ခုနှစ်အတွင်း ကိုလံဘိုစတော့အိတ်ချိန်းသို့ အသားတင်နိုင်ငံခြားငွေ စီးဆင်းမှုမှာ ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၈၄ သန်း မြင့်မားလာကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်အာဖရိကတွင် စက်သုံးဆီတင်ကား ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၃၄ ဦးအထိရှိလာ

**ဂျိုဟန်နက်စ်ဘာ့ဂ် ဒီဇင်ဘာ ၃၁**

တောင်အာဖရိကနိုင်ငံ ဂေါက်တန်ပြည်နယ် ဘော့စ်ဘာ့ဂ်တွင် ခရစ္စမတ်အကြိုက စက်သုံးဆီတင်ကား ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူစုစုပေါင်းမှာ ၃၄ ဦးအထိ ရှိလာပြီဟု ပြည်နယ်အရာရှိတစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းအထိ သေဆုံးသူစုစုပေါင်းမှာ ၃၄ ဦး ရှိသည်ဟု ဂေါက်တန်ပြည်နယ် ကျန်းမာရေးဆိုင်ရာ ကောင်စီမှ အဖွဲ့ဝင် တစ်ဦးဖြစ်သူ နိုမန်တူ ကိုမို ရာလာဟိုကိုက ပြောသည်။ ဒီဇင်ဘာ ၂၄ ရက်က စက်သုံးဆီများ သယ်ဆောင်လာသော ထရပ်ကားပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မီးစွဲလောင်ခဲ့သည်။

သေဆုံးသူ ၃၄ ဦးတွင် ၁၁ ဦးမှာ တမ်ဘို အမှတ်တရဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် မီတာ ၁၀၀ အကွာတွင် ရှိနေသူများဖြစ်သည်။ ၂၃ ဦးမှာ အရပ်သားများဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ဂျိုးပါလာ က သေဆုံးသွားသူများ၏ မိသားစုဝင်များကို နှစ်သိမ့်ပေးမှုအခမ်းအနားတွင် ပြောကြားခဲ့သည်။ နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအတွက် ဆုံးရှုံးမှုတစ်ခုပင်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပေကျင်းမြို့၌ ရေခဲနှင့် နှင်းပွဲတော် စတင်ဖွင့်လှစ်

**ပေကျင်း ဒီဇင်ဘာ ၃၁**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ရေခဲနှင့် နှင်းပွဲတော်ကို အခြားသော အစီအစဉ်များနှင့်အတူ ဖွင့်လှစ်ခဲ့ကြောင်း ပေကျင်း မြူနီစီပယ်သစ်တောနှင့် ပန်းခြံဗျူရိုက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။

ပေကျင်းမြို့ခံများနှင့် ခရီးသွားများသည် နွေရာသီနန်းတော်၊ အိုလံပစ်ပန်းခြံ အပါအဝင် ပန်းခြံပေါင်း ၂၀ ကျော်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်မည် ဖြစ်သည်။ ရေခဲစကိတ်လှည်းများ၊ ရေခဲစက်ဘီး၊ ရေခဲလျှော အပါအဝင် နှင်းပန်းခြံများ၊ နှင်းရထားများ ပြုလုပ်ထားကာ မိဘများနှင့် ကလေးငယ်များ ပျော်ရွှင်ဖွယ်ရာ အချိန်များ ရရှိမည်ဖြစ်သည်။

သဘာဝရေခဲပြင် စကိတ်ကွင်းနှင့် လူလုပ် စကိတ်ကွင်းများကိုလည်း ယခုနှစ်အတွင်း ပန်းခြံ ၅ ခု ထည့်သွင်း တည်ဆောက်ထားခြင်းဖြစ်သည်ဟု ပေကျင်း မြူနီစီပယ်သစ်တောနှင့် ပန်းခြံဗျူရိုမှ ညွှန်ကြားရေးမှူး ပင်းချင် က ပြောသည်။

ပေကျင်းမြို့တွင် ပြုလုပ်သည့် ရေခဲနှင့် နှင်းပွဲတော်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ လလယ်ပိုင်းအထိ ဖွင့်လှစ်ထားရန် မျှော်မှန်းထားသည်ဟု သိရသည်။

**ဆင်ဟွာ**



ပေကျင်းရှိ ပန်းခြံတစ်ခု၌ ကျင်းပသော ရေခဲနှင့် နှင်းပွဲတော်တွင် မိခင်တစ်ဦး ၎င်း၏ကလေးငယ်နှင့် ပျော်ရွှင်စွာ ဆော့ကစားစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ် ၂၂၆ ဦး တွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာ ၃၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၂၆ ဦး တွေ့ရှိသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၃၆၅၃ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိရာ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၃၀၇၀၂ ဦးရှိကြောင်း သိရသည်။ ရောဂါပျောက်ကင်းပြီး ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း ၄၄၁၄၄၀၂၉ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ စစ်ဆေးမှု ၁၈၇၉၈၃ ခုအပါအဝင် ယခုအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း သန်း ၉၁၀ ကျော်ရှိပြီဖြစ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံရှိ အသက် ၁၈ နှစ်အရွယ် ၁ ဒသမ ၁၂ သန်းမှာ နှစ်သစ်ကူးနေ့ ပါဝင်ဆင်နွှဲမည်

**တိုကျို ဒီဇင်ဘာ ၃၁**

ဂျပန်နိုင်ငံတွင် လူပေါင်း ၁ ဒသမ ၁၂ သန်းခန့် သို့မဟုတ် လူဦးရေအားလုံး၏ ၁ ရာခိုင်နှုန်းအောက်သည် အသက် ၁၈ နှစ်အရွယ်သစ်အဖြစ် နှစ်သစ်ကူးနေ့ကို ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် အရွယ်ရောက်ပြီးသူ၏ တရားဝင် အသက်ကို ဧပြီလအတွင်း ၂၀ မှ ၁၈ နှစ်အထိ လျှော့ချခဲ့ကြောင်း သိရသည်။



နှစ်သစ်ကူးနေ့အဖြစ် အသက် ၂၀ အစား အသက် ၁၈ နှစ် အဖြစ် ပြန်လည်ပြင်ဆင်မှုအပေါ် အခြေခံပြီး နောက်ထပ် အရွယ်ရောက်ပြီးသူ အရေအတွက်ကို ပြည်တွင်းရေးရာ ဝန်ကြီးဌာနက ပထမဆုံးအကြိမ်အဖြစ် ကြေညာခဲ့သည်။

နိုင်ငံအတွင်း ဇန်နဝါရီ ၁ ရက်အထိ အသက် ၁၈ နှစ်အရွယ် အမျိုးသား ၅၇၀၀၀၀ ခန့်နှင့် အမျိုးသမီး ၅၄၀၀၀၀ ခန့်ရှိမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။ အသက် ၁၉ နှစ်အရွယ် ၁ ဒသမ ၁၃ သန်းနှင့် အသက် ၂၀ အရွယ် ၁ ဒသမ ၁၇ သန်းရှိမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိ

**(၃၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၁၈,၂၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၀၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၆) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကောင်းဆုံးနှစ်သစ်ကိုဖြတ်သန်းဖို့ သန္နိဋ္ဌာန်တွေချကြစို့

**နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက်ပါပြီ။ ပုထုဇဉ်လူသားပီပီ နှစ်ဟောင်းမှာ တွေ့ကြုံပြုမူခဲ့တဲ့ ချို၊ ချဉ်၊ ဖန်၊ ခါး လောကဓံတရားတွေကို ခံစားခဲ့ကြပြီးပြီမို့ အတိတ်ကို အတိတ်မှာထားခဲ့ရင်း အဲဒီလောကဓံတွေကနေ သင်ခန်းစာယူ အမြတ်ထုတ်ကာ နှစ်သစ်မှာ တစ်နှစ်တာ ကာလပတ်လုံးအတွက် အကောင်းဆုံး ဖြတ်သန်းကြပါစို့လားရှင်။**

**တင်ထက်ထက်ဇော်**

လူတချို့က နှစ်သစ်ကူးညမှာ ချစ်ခင်ရတဲ့ မိသားစု သို့မဟုတ် ချစ်မိတ်ဆွေ သူငယ်ချင်းများနဲ့ တပျော်တပါး မိတ်ဆုံစားကာ “Happy New Year” လို့ သံပြိုင်အော်ဟစ် ကြိုဆိုကြသလို အချို့ကလည်း ပရိတ်၊ ပဋ္ဌာန်းစသဖြင့် ဘုရားစာတွေ ရွတ်ဖတ်ပွားများကာ မေတ္တာပို့သရင်း နှစ်သစ်ကို ကြိုဆိုကြပါတယ်။ လူမှုကွန်ရက်တွေမှာလည်း “Happy New Year” လို့ အပြန်အလှန် နှုတ်ခွန်းဆက်သကြပါတယ်။ မြန်မာလူမျိုးအများစုကတော့ ရိုးရာအစဉ်အလာအရ နှစ်ဟောင်းက အညစ်အကြေးတွေ နှစ်သစ်ကို မပါသွားအောင် နှစ်ကူးနေ့မှာ ခေါင်းဆေး ခေါင်းလျှော်ကြ၊ ခြင်ထောင်၊ အိပ်ယာခင်း၊ စောင်၊ ခန်းဆီး လိုက်ကာ၊ ထိုင်ခုံစွပ်တွေ လျှော်ကြပြီး နှစ်သစ်ကို ကြိုဆိုလေ့ရှိပါတယ်။

၂၀၂၀ ပြည့်နှစ်ကစပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာကြီး ဖျားနာနေပါတယ်။ အခု ၂၀၂၃ နှစ်သစ်ကူးချိန်အထိ ကမ္ဘာ့ကပ်ရောဂါက အရှိန်ကောင်းနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ယခင်နှစ်တွေလို နှစ်သစ်ကူးကို အင်တိုက်အားတိုက် လူစုလူဝေးနဲ့ ပျော်ပျော်ပါးပါး မဆင်နွှဲနိုင်ကြသေးဘဲ ကိုဗစ်-၁၉ စည်းကမ်းချက်များနဲ့အညီ အကန့်အသတ်နဲ့သာ ဆင်နွှဲနိုင်ပါဦးမယ်။ ဒီအတွက် အလွန်အမင်း စိတ်မကောင်းမဖြစ်ကြပါနဲ့။ မိမိတစ်ဦးတည်း မဟုတ်ပါ။ မြန်မာတစ်နိုင်ငံလုံးသာမက ကမ္ဘာပေါ်က လူသားအားလုံး ကိုရိုနာဗိုင်းရပ်စ်ပိုးကို ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ လူသန့်ရှင်းဖို့ထက် စိတ်သန့်ရှင်းဖို့က ပိုအရေးကြီးပါတယ်။ တစ်နှစ်တာကာလပတ်လုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာပြည့်ဝစေဖို့အတွက် စိတ်သစ်၊ လူသစ်၊ အတွေးသစ်များစွာနဲ့ နှစ်သစ်အတွက် အကောင်းဆုံး ရည်ရွယ်ချက်လေးတွေချမှတ်ဖို့ စတင်လိုက်ကြပါစို့လားရှင်။

❖ “အာရောဂျ ပရမံလာဘံ”ပါ။ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးအတွက် သင့်တော်တဲ့ အစားအစာ အာဟာရစုံ စားပေးရပါမယ်။

❖ အားကစားလုပ်ရတာ မခက်ပါဘူး။ ဒါပေမယ့် မခက်ခဲတဲ့ ဒီအားကစားကိုပဲ လူတိုင်း မလုပ်နိုင်ကြပါဘူး။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးပါ။ ကျန်းမာသုခ လူနေမှုဘဝကို အမှန်တကယ် ပိုင်ဆိုင်ချင်တယ်ဆိုရင် ကိုယ်လက်လှုပ်ရှား အားကစားကို မဖြစ်မနေ လုပ်ပေးရပါမယ်။ တကူးတကကြီး အချိန်ပေးပြီး အားကစားရုံတွေမှာ မဆော့နိုင်ရင်တောင် တစ်နေ့ကို မိနစ် ၃၀ လောက်ကြာအောင် မရပ်မနား ခပ်သွက်သွက် လမ်းလျှောက်ခြင်းကို တစ်ပတ်မှာ ငါးရက်လောက် လုပ်ပေးသင့်ပါတယ်။

❖ လေ့ကျင့်ခန်းလုပ်ဖို့ မပျင်းပါနဲ့။ နေ့စဉ်လှုပ်ရှားမှုတိုင်းကို လေ့ကျင့်ခန်းဆန်ဆန် ခပ်သွက်သွက် ပြုလုပ်ပေးခြင်းကလည်း ကျန်းမာရေးအတွက် များစွာအထောက်အကူ ဖြစ်စေပါတယ်။

❖ အသီးအနှံတွေက ကျန်းမာရေးအတွက် အားဖြည့်ဆေးတစ်ခွက်ဆိုတာကို သိနေပြီး ဖြစ်ပေမယ့် မြန်မာလူမျိုး အများစုရဲ့ လူနေမှုဘဝ စားသောက်မှုပုံစံမှာ အသီးအနှံတွေကိုစားသောက်တာ သိပ်နည်းလွန်းနေပါသေးတယ်။ ဒါကြောင့် ရာသီပေါ်သီးနှံလေးတွေကို အလေ့အကျင့်ကောင်းလုပ်ပြီး ပုံမှန်စားပေးပါ။ ဟင်းနုနယ်၊ ဂေါ်ဖီ၊ ကညွတ်၊ ကိုက်လံ၊ ဆလတ်၊ မုန်ညင်းရွက်၊ ဘူးညွန့်၊ ကန်စွန်း စတဲ့ အစိမ်းရင့်ရောင် ဟင်းရွက်တွေ ပိုစားပေးပါ။

❖ တစ်နေ့မှာ သောက်ရေသန့် ရှစ်ဖန်ခွက်ထက်မနည်း သောက်ပါ။

❖ အချိုရည်၊ ဖျော်ရည်တွေအစား သဘာဝ သစ်သီးကိုသာ ဦးစားပေး စားသောက်ပါ။

❖ အိပ်ယာဝင်ချိန်၊ အိပ်ယာနိုးထချိန်၊ အစာစားချိန် မှန်ပါစေ။

❖ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်၊ စနစ်နဲ့အညီ မိမိတစ်ယောက်တည်း မကျန်ခဲ့ရအောင် စူးစမ်းလေ့လာ မှတ်သားတတ်ရပါမယ်။

❖ နိစ္စဓူဝ ကြိုးစားရုန်းကန်နေရသူတွေအဖို့ စိတ်ရဲ့ထွက်ပေါက်အဖြစ် ချစ်ခင်ရသူတွေနဲ့ ပျော်ပျော်ပါးပါး ခရီးထွက်ခြင်း၊ ဝိုင်းဖွဲ့စကားပြောခြင်း၊ အချိန်ပေးပြီး ကလေးငယ်များနဲ့ အဖော်ပြုပေးခြင်း၊ သီချင်းဆိုခြင်း၊ အစားအသောက် ချက်ပြုတ်စားသောက်ခြင်း၊ သစ်ပင်စိုက်ခြင်း စတဲ့ မိမိဝါသနာပါရာကို လုပ်ကြည့်ပါ။

❖ နှစ်ဟောင်းမှာတင်ခဲ့တဲ့ ကြွေးဟောင်းတွေကို ကျေအောင်ဆပ်ပြီး နှစ်သစ်မှစပြီး မိမိတတ်နိုင်သလောက် ပိုက်ဆံ (ငွေကြေး) စုဆောင်းတဲ့ အလေ့အကျင့်ကောင်းကို စတင်မွေးမြူရပါမယ်။ ငွေစုဖို့ကို ပျင်းရိဖွယ်ရာလို့ မအောက်မေ့ပါနဲ့။ လစဉ် မိမိနိုင်သလောက် စုဆောင်းထားခြင်းဖြင့် ငွေအင်အားကြောင့် မိမိကိုယ်ကိုလည်း ယုံကြည်မှုရှိလာပါလိမ့်မယ်။

❖ နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲလာမှုကြောင့် ကမ္ဘာတစ်ဝန်းမှာ အဝလွန်သူတွေ တစ်နေ့တခြား တိုးပွားနေပါတယ်။ အဲဒီအထဲမှာ ကိုယ်မပါအောင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ရပါမယ်။

❖ မတွန့်တိုပါနဲ့။ မနှမြောပါနဲ့။ မိမိတတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲ လှူဒါန်းရပါမယ်။ ပေးလှူပြီးနောက် နှမြောတသ နောင်တမရဘဲ ပီတိဖြစ်စေမယ့်အလှူမျိုးသာ ဖြစ်ပါစေ။ ကိုဗစ်-၁၉ ကာလမှာ လူ့အလွှာအားလုံး အဘက်ဘက်က ခက်ခဲကျပ်တည်းနေကြပါတယ်။ ဒါကြောင့် မိမိနိုင်သလောက် မျှဝေပေးကမ်းရင်း တစ်နိုင်ကုသိုလ်လုပ်ပေးပါ။

❖ အင်တာနက်သုံးရင်း၊ ဂိမ်းတွေဆော့ကစားရင်း အချိန်တွေမဖြုန်းပစ်ပါနဲ့။ အချိန်အကန့်အသတ်ထားပြီး သုံးစွဲပါ။

❖ မတူညီတဲ့ ဘာသာစကားအသစ်တွေကို လေ့လာသင်ယူခြင်းက အထူးသဖြင့် သက်ကြီးပိုင်းတွေမှာ ဖြစ်လေ့ရှိတတ်တဲ့ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာ အကြိုရောဂါတွေဖြစ်မလာအောင် ကာကွယ်ရာရောက်ပါတယ်။ နိုင်ငံခြားဘာသာစကား သင်တန်းတွေကို တကူးတက မတက်ရောက်နိုင်သူများအတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် website များကို လေ့လာပြီး ကိုယ်တိုင် သင်ယူနိုင်ပါတယ်။ အွန်လိုင်းကို အကျိုးရှိရှိ အသုံးချတတ်ပါစေ။

❖ စိတ်ရောကိုယ်ပါ ကျန်းမာဖို့အတွက် အကောင်းဆုံးဆေးတစ်ခွက်က “အိပ်ရေးဝဝအိပ်စက်ခြင်း” ဖြစ်တယ်ဆိုတာကို အမြဲသတိရပါ။

❖ စိတ်ချမ်းသာဖို့အတွက် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်းကလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ပါပဲ။ နှစ်ဟောင်းမှာ ဆက်ဆံရေးအဆင်မပြေခဲ့သူတွေကို နှစ်သစ်ကစလို့ အသွင်သစ်၊ စိတ်သစ်၊ လူသစ်၊ အကောင်းမြင်စိတ်ဓာတ်နဲ့ ပြောင်းလဲဆက်ဆံကြည့်ပါ။

❖ ဘယ်လောက်ပဲအလုပ်များပြီး အလုပ်ရှုပ်၊ စိတ်ရှုပ်၊ အတွေးရှုပ်နေပါစေ၊ မိသားစုအတွက်အချိန်ပေးပြီး ပျော်ရွှင်စရာ မိသားစုကမ္ဘာကို တည်ဆောက်ပေးရပါမယ်။ ကိုယ်ချစ်ရတဲ့သူတွေနဲ့ အတူနေခွင့်ရချိန်ကို မြတ်နိုးတန်ဖိုးထားတတ်ပါစေ။

❖ တီဗွီကြည့်ချိန်၊ ဂိမ်းကစားချိန်၊ အင်တာနက်သုံးချိန်ကို လျှော့ချပြီး အတတ်ပညာတစ်ခုခုကို လေ့လာသင်ယူခြင်းဖြင့် ဗဟုသုတရစရာတွေကို ရှာမှီးပါ။

❖ လိမ္မာစာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ စတဲ့ ဆုံးမစကားလေးတွေ နားရည်ဝနေမှာပါ။ စာပေဗဟုသုတဟာ လူ့ဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ဝမ်းစာတစ်ခုဖြစ်ပါတယ်။ အခုချိန်မှာ ဖုန်းလေးတစ်ချက်ပွတ်လိုက်ရုံနဲ့ သုတ၊ ရသ စာပေတွေကို အင်တာနက်ကနေ ဖတ်ရှုလို့ရနိုင်ပါပြီ။ အကျိုးပြုစာပေကို အမှန်တကယ် ရွေးချယ်တတ်ဖို့သာ အထူးအရေးကြီးပါတယ်။

❖ “ဆေးလိပ်၊ အရက်၊ စိတ်ကိုပြောင်းလဲစေတတ်သော စိတ်ကြွဆေးပြား၊ မူးယစ်ဆေးဝါး”များကို မသုံးဖူးသေးသူများ အစလုပ်ပြီး စမ်းသပ်သုံးစွဲခြင်း မလုပ်ပါနဲ့။ ဝေးဝေးကရှောင်ပါ။

❖ “ဆေးလိပ်၊ အရက်၊ စိတ်ကိုပြောင်းလဲစေတတ်သော စိတ်ကြွဆေးပြား၊ မူးယစ်ဆေးဝါး”များကို လက်ရှိ သုံးစွဲနေသူများ ယနေ့ကစပြီး လုံးဝဖြတ်ပါ၊ လူညွှန့်တုံးစေတဲ့ မူးယစ်ဆေးတွေကို မိမိသက်တမ်းတစ်လျှောက်လုံး သယ်သွားဦးမယ်ဆိုရင် ဘယ်သောအခါမှ လူဖြစ်ကျိုးနပ်မှာ မဟုတ်ပါ။

❖ ဘယ်သူမှ မွေးကတည်းက ကွမ်းမစားတတ်ကြပါဘူး။ ကွမ်းစားတဲ့အကျင့်ကို ရပ်တန်းကရပ်ပါ။

❖ သက်ငယ်မုဒိမ်းမှုများ ပပျောက်စေဖို့၊ တစ်လင်တစ်မယားစနစ် ထူထောင်ဖို့အတွက် သင်နဲ့ သင်ပတ်ဝန်းကျင်မှာလည်း တာဝန်ရှိပါတယ်။

❖ လူကုန်ကူးခြင်း၊ လက်နက်အရောင်းအဝယ်လုပ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း၊ သတ္တဝါကြီးများကို တရားမဝင်ရောင်းဝယ်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း စတဲ့ မိစ္ဆာအာဇီဝတွေကို ရှောင်ကြဉ်ကြရပါမယ်။ *စာမျက်နှာ ၁၈ သို့*




❖ **မတွန့်တိုပါနဲ့။ မနှမြောပါနဲ့။ မိမိတတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲ လှူဒါန်းရပါမယ်။ ပေးလှူပြီးနောက် နှမြောတသ နောင်တမရဘဲ ပီတိဖြစ်စေမယ့်အလှူမျိုးသာ ဖြစ်ပါစေ။ ကိုဗစ်-၁၉ ကာလမှာ လူ့အလွှာအားလုံးအဘက်ဘက်က ခက်ခဲကျပ်တည်းနေကြပါတယ်။ ဒါကြောင့် မိမိနိုင်သလောက် မျှဝေပေးကမ်းရင်း တစ်နိုင်ကုသိုလ်လုပ်ပေးပါ။**

❖ **အင်တာနက်သုံးရင်း၊ ဂိမ်းတွေဆော့ကစားရင်း အချိန်တွေမဖြုန်းပစ်ပါနဲ့။ အချိန်အကန့်အသတ်ထားပြီး သုံးစွဲပါ။**

# သစ်တောပညာ နှစ်တစ်ရာခရီး

ပါမောက္ခ ဒေါက်တာခင်မောင်ဆင့်

**သစ်တောပညာသည် တန်ဖိုးမြင့်မားလှသည့် သစ်တောများကို ကာကွယ်ထိန်းသိမ်းရေးအတွက် အလွန်အရေးပါသည့် ပညာတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများတွင် တက္ကသိုလ်များ ဖွင့်လှစ်ပြီး သစ်တောပညာကို သင်ကြားပို့ချလျက်ရှိသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်အဆင့်သစ်တောပညာကို ရန်ကုန်တက္ကသိုလ် သစ်တောပညာဌာန၌ ၁၉၂၃ ခုနှစ်မှစ၍ သင်ကြားပို့ချခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၂၃ ခုနှစ်တွင် နှစ်တစ်ရာပြည့်မည် ဖြစ်ပါသည်။**

ရန်ကုန်တက္ကသိုလ် လက်အောက်ရှိ သစ်တောပညာဌာနမှသည် သစ်တောတက္ကသိုလ် (Institute of Forestry) အဖြစ် ၁၉၉၂ ခုနှစ်တွင် သီးခြားဖွင့်လှစ်သင်ကြားခဲ့သည်။ ထို့နောက် သစ်တောတက္ကသိုလ် (University of Forestry) အဖြစ် ၂၀၀၃ ခုနှစ်တွင် အဆင့်မြှင့်တင်ပြောင်းလဲခဲ့သည်။ သစ်တောပညာသာမက ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးပညာရပ်ကိုပါ သင်ကြားပေးရန် ဦးတည်ချက်ဖြင့် ၂၀၁၇ ခုနှစ်တွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (University of Forestry and Environmental Science) သို့ အဆင့်မြှင့်တင်ကာ ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ပြီး သင်ကြားလျက်ရှိပါသည်။

**သစ်တော၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သစ်တောဧရိယာ**

သစ်တောဆိုသည်မှာ ရှုပ်ထွေးလှသော ဂေဟစနစ်ဖြစ်ပြီး သစ်ပင်များဖြင့် လွှမ်းမိုးထားခြင်းကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂ အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agri-culture Organization) က သစ်တောဆိုသည်မှာ ရွက်အုပ်ဖုံးလွှမ်းမှု ၁၀ ရာခိုင်နှုန်းအထက်ရှိပြီး အမြင့် ငါးမီတာ (၁၆ ပေ) ကျော်ရှိသော သစ်ပင်များ ပေါက်ရောက်နေသည့် ဧရိယာ ၀ ဒသမ ၅ ဟက်တာ (၁ ဒသမ ၂ ဧက) ထက် ကျယ်ဝန်းသောမြေ သို့မဟုတ် ထိုသတ်မှတ်ချက်များကို သဘာဝအတိုင်း ရောက်ရှိနိုင်သောမြေဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

သစ်တောများကို အပူဆုံးလများတွင် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ် (၅၀ ဒီဂရီဖာရင်ဟိုက်) အထက်နှင့် နှစ်စဉ်မိုးရေချိန် ၂၀၀ မီလီမီတာ (၇ ဒသမ ၈ လက်မ) အထက် ရရှိသော နေရာတိုင်းတွင် တွေ့မြင်နိုင်သည်။ ကမ္ဘာ့သစ်တောတစ်ဝက်ကျော်သည် ရုရှား၊ ဘရာဇီး၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့တွင် ပေါက်ရောက်လျက်ရှိသည်။ ကမ္ဘာ့သစ်တောများ၏ သုံးပုံနှစ်ပုံ (၆၆ ရာခိုင်နှုန်း)သည် နိုင်ငံ ၁၀ ခုတွင် ပေါက်ရောက်လျက်ရှိသည်။ ယင်းတို့မှာ ဖော်ပြပါ ငါးနိုင်ငံအပြင် ဩစတြေးလျ၊ ကွန်ဂို၊ အင်ဒိုနီးရှား၊ ပီရူးနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။


ဘွဲ့နှင်းသဘင်ခန်းမ။


ပါမောက္ခချုပ်ရုံး

သစ်တောသယံဇာတ အရင်းအမြစ်ဆန်းစစ်လေ့လာချက်အရ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ သစ်တောဖုံးလွှမ်းမှုမှာ ဧရိယာ ဟက်တာ ၄ ဒသမ ၀၆ ဘီလီယံ (ဧက ၁၀ ဒသမ ၀၃ ဘီလီယံ) ရှိပြီး ကမ္ဘာမြေအကျယ်အဝန်း၏ ၃၁ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ၂၀၂၀ ပြည့်နှစ် သစ်တောသယံဇာတလေ့လာဆန်းစစ်မှုအရ ဟက်တာ ၂၈ ဒသမ ၅ သန်း (ဧက ၇၀ ဒသမ ၄ သန်း) ရှိပြီး မြန်မာနိုင်ငံရှိ မြေဧရိယာအကျယ်အဝန်း၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပေါက်ရောက်လျက်ရှိသော သစ်တောများသည် လူသားတို့အပါအဝင် သက်ရှိများအား အမျိုးမျိုးသော သစ်တောထွက်ပစ္စည်းများ၊ ဝန်ဆောင်မှုများဖြင့် ထောက်ပံ့ပေးနေသည်ကို တွေ့မြင်နိုင်ပါသည်။ အဆိုပါ ထောက်ပံ့မှုများကို အကြမ်းအားဖြင့် လေးမျိုးခွဲခြားနိုင်သည်။ ယင်းတို့မှာ ပေးအပ်ခြင်း ဝန်ဆောင်မှု၊ ထိန်းညှိခြင်းဝန်ဆောင်မှု၊ ထောက်ပံ့ခြင်း ဝန်ဆောင်မှုနှင့် ယဉ်ကျေးမှုဝန်ဆောင်မှုတို့ ဖြစ်ပါသည်။

**ပေးအပ်ခြင်း ဝန်ဆောင်မှု**

ကိုင်တွယ်၍ရသော ရုပ်ဝတ္ထုပစ္စည်းများ ပေးအပ်ခြင်း ဖြစ်သည်။ အဆိုပါရုပ်ဝတ္ထုများတွင် သစ်၊ ထင်း၊ မီးသွေးနှင့် သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများ ပါဝင်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ စက်မှုကုန်ကြမ်းသစ်လုံးထုထည် ကုဗမီတာ ၁ ဒသမ ၉၈၄ သန်းနှင့် ထင်းထုထည် ကုဗမီတာ ၁ ဒသမ ၉၂၈ သန်း (ကုဗပေ ၆၈ သန်း) ထုတ်လုပ်ခဲ့သည်။ FAO ၏ စာရင်းများအရ ၂၀၂၀ ပြည့်နှစ်တွင် သစ်လုံး၊ ခွဲသားနှင့် သစ်အခြေခံ ကုန်ချောများ၏ ကုန်သွယ်မှုတန်ဖိုးသည် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာ ၂၄၄ ဘီလီယံ ရှိခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ လူပေါင်း တစ်ဘီလီယံခန့်သည် တောရိုင်းသတ္တဝါတို့၏ အသားများ၊ အင်းဆက်အမျိုးမျိုး၊ မှို၊ သစ်ဥသစ်မြစ်စသည့် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများအပေါ်တွင် မှီခိုနေထိုင်ကြရသည်။ သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းသုံးစွဲသူသည် ကမ္ဘာတစ်ဝန်း၌ အနည်းဆုံး ၃ ဒသမ ၅ ဘီလီယံရှိပြီး ပျမ်းမျှ ၅ ဒသမ ၇၆ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၅ ခုနှစ်တွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၁ ဘီလီယံခန့်ရှိသည်ဟု ခန့်မှန်းထားပြီး ၈၁ နိုင်ငံမှ ပေးပို့လာသည့် အချက်အလက်များကို အခြေခံတွက်ချက်ထားခြင်းဖြစ်၍ လျော့နည်းခန့်မှန်းတန်ဖိုး ဖြစ်ပါသည်။

ရေသည်လည်း သစ်တောထွက်ပစ္စည်းတစ်မျိုးပင်ဖြစ်သည်။ ရွာသွန်းသောမိုးရေများ စုပေါင်းရာမှဖြစ်လာသော ရေစီးသည် သစ်တောသစ်ပင်များကြောင့် စီးဆင်းမှု နှေးကွေးသွားကာ မြေကြီးအတွင်း စိမ့်ဝင်သွားစေသည်။ ထို့ပြင် သစ်မြစ်များသည် မြေကြီးအတွင်း ရေဝင်လမ်းကြောင်းသဖွယ် ဆောင်ရွက်ပေးသည်။ ထိုရေများသည် နွေရာသီ ရေရှားပါးချိန်တွင် သန့်ရှင်းသော စမ်းရေ၊ ချောင်းရေအဖြစ် ရရှိစေသည်။ စိုက်ပျိုးရေ၊ သောက်ရေ၊ သုံးရေအဖြစ် မှီခိုနေသူမှာ သန်းပေါင်းများစွာ ရှိပါသည်။

**ထိန်းညှိခြင်း ဝန်ဆောင်မှု**

သစ်တောများသည် အသက်ရှင်ရန် အောက်ဆီဂျင်ကို ထုတ်ပေးသည့်သဘာဝစက်ကြီး ဖြစ်သည်။ လေကိုညစ်ညမ်းမှု မရှိအောင် ကာကွယ်ပေးထားပြီး ရေကိုလည်း သန့်စင်ပေးနေသည်။ အပူချိန်ကို ထိန်းညှိပေးသကဲ့သို့ လေကြမ်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိအောင် ကာကွယ်ထိန်းချုပ်ပေးထားပါသည်။

လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူခြင်း၊ မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ပေးခြင်း၊ ချောင်း၊ မြောင်း၊ မြစ်၊ ဆည်များအတွင်းသို့ အနည်ကျရောက်မှုကို လျော့နည်းစေခြင်း၊ ရေလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်သည့် ဘေးဒုက္ခများ လျော့ကျစေခြင်း၊ ဒေသတွင်း ရာသီဥတုကို မျှတစေခြင်း၊ လေအရည်အသွေးကို ထိန်းညှိပေးခြင်း၊ အစွန်းရောက် ရာသီဥတုဖြစ်စဉ်များနှင့် သဘာဝဘေးများကို လျော့နည်းစေခြင်း၊ ရေဆိုးများကို သန့်စင်ပေးပြီး ရေအရည်အသွေးကောင်းမွန်စေခြင်း၊ ရေစီးရေလာ ထိန်းညှိပေးခြင်းစသည်တို့ ပါဝင်ပါသည်။

ယနေ့ခေတ် တွေ့ကြုံနေရသည့် ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီး ပူနွေးလာမှုကို ဖြစ်စေသော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို စုပ်ယူပေးနေသည်မှာလည်း သစ်တောသစ်ပင်များပင် ဖြစ်ပါသည်။ Nature Climate Change ၏ ၂၀၂၁ ခုနှစ် ဇန်နဝါရီလထုတ် အတွဲ ၁၁ တွင် ဖော်ပြချက်အရ ၂၀၀၁ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကာလအတွင်း ကမ္ဘာ့သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ မက်ထရစ်တန် ၁၅ ဒသမ ၆ ဘီလီယံကို နှစ်စဉ်စုပ်ယူပြီး တောပျက်ခြင်း၊ မီးလောင်ခြင်းနှင့် အခြားသစ်တောပျက်စီးစေသည့် အကြောင်းများကြောင့် မက်ထရစ်တန် ၈ ဒသမ ၁ ဘီလီယံ နှစ်စဉ်ထုတ်လွှတ်ကြောင်း တွေ့ရှိရသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် မက်ထရစ်တန် ၇ ဒသမ ၅ ဘီလီယံကို အသားတင်စုပ်ယူကြောင်း လေ့လာတွေ့ရှိရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့သစ်တောဧရိယာသည် ဟက်တာ ၄ ဒသမ ၀၆ ဘီလီယံ

*စာမျက်နှာ ၁၈ သို့*

**⁂ သစ်ပင်များ၊ ဂေဟစနစ်များနှင့် တောရိုင်းတိရစ္ဆာန်များသည် စိတ်ဝင်စားစရာ အရင်းအမြစ်များဖြစ်သကဲ့သို့ ပညာရေးဆိုင်ရာလေ့လာရန် နေရာကောင်းများလည်း ဖြစ်သည်။ သဘာဝ အမွေအနှစ်များ၊ ရိုးရာဗဟုသုတများ၊ ဓလေ့ထုံးတမ်းစဉ်လာများသည် အပန်းပြေစေပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအရာများဖြစ်သည်**

**⁂ သစ်တောများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအရ အရေးပါမှုကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပညာရှင်များ သိမြင်ခဲ့ကြပြီး သစ်တောပညာကို သင်ကြားပေးခဲ့ခြင်းဖြစ်သည်**


တက္ကသိုလ်အဝင် မုခ်ပေါက်။


တက္ကသိုလ်သီရိရေတာ။

# Naypyitaw State Academy ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

Naypyitaw State Academy ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက Naypyitaw State Academy သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ပြီး ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာ စိုးစိုးအောင်က သင်တန်းရေးရာ သိသင့်သိထိုက်သည်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားမှူးက ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ သင်တန်း/စီမံမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အဆို၊ အက၊ အလှများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ သင်တန်း/ စီမံမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




*စာမျက်နှာ ၁၆ မှ*

- ❖ လော်လီဖောက်ပြားတဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေကို ရှက်တတ်ပါစေ။ ရိုးရာဝတ်စားဆင်ယင်ခြင်းနဲ့ မိမိနဲ့ မိမိနိုင်ငံရဲ့ ပုံရိပ်ကို မြှင့်တင်ပါ။
- ❖ ဖြစ်နိုင်ရင် ကား (ယာဉ်အမျိုးမျိုး) မစီးဘဲ လမ်းများများလျှောက်တဲ့ အလေ့အကျင့်ကိုပြုပါ။ စက်လှေကား၊ ဓာတ်လှေကား မသုံးဘဲ မိမိခြေထောက်ကိုသာ အားကိုးပါ။
- ❖ လုပ်ဖော်ကိုင်ဖက်တွေကို များများကျေးဇူးတင်ပါ။ ကျေးဇူးပြုနိုင်သမျှ ပြုပါ။
- ❖ လောကမှာ ကိုယ်မသိ၊ မတတ်သေးတာတွေ အများကြီး ရှိနေပါသေးတယ်။ မိမိထက်ကြီးသူ၊ ရွယ်တူ၊ ငယ်သူတွေဆီကနေ မိမိမသိသေးတာတွေကို လေ့လာသင်ယူဖို့ မရှက်ပါနဲ့၊ ဝန်လေးမနေပါနဲ့၊ ဟန်မဆောင်ပါနဲ့။
- ❖ ကြောက်ရွံ့စိုးရိမ်၊ အားငယ်စိတ်တွေရှိနေရင် ထိုစိတ်တွေကို မိမိဘာသာ အနိုင်ယူပစ်ရပါမယ်။ သူများစိတ်နဲ့ ကိုယ့်ကိုယ် အဖြစ်မခံပါနဲ့။ အမှီအခိုကင်းကင်းနဲ့ မိမိကိုယ်ကိုသာ ကိုးကွယ်အားထားပါ။
- ❖ အားငယ်သူအားပေးပါ။ လဲနေသူ ထူပေးပါ။ မိမိနဲ့ စိတ်တူဝါသနာချင်းတူသော အသင်းအဖွဲ့တွေနဲ့ ဆက်သွယ်ပြီး စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးပါ။
- ❖ တရားထိုင်ခြင်းက မိမိခံစားနေရတဲ့ လောဘ၊ ဒေါသ၊ မောဟ အပူမီးတွေကို လျှော့ချပေးပါတယ်။ တစ်နည်းဆိုရရင် တရားထိုင်တဲ့အခါ စိတ်ဖိစီးမှုတွေ ပြေလျော့သွားစေပြီး နှလုံးစိတ်ဝမ်း အေးချမ်းမှုကို ပေးနိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေအတွက်ကတော့ တရားထိုင်နည်း၊ တရားရှုမှတ်နည်းတွေကို အခြေခံအားဖြင့် သိထားကြပြီးဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေကလည်း တရားမှတ်နည်း အမျိုးမျိုးရှိတဲ့အနက် မိမိအတွက် အဆင်ပြေစေမယ့် နည်းလမ်းကိုရွေးပြီး စိတ်အနားယူတတ်ဖို့ လိုပါတယ်။ အဲဒီကနေတစ်ဆင့် တဖြည်းဖြည်းချင်းတက်ပြီး တရားမှတ်တဲ့ အလေ့အကျင့်ကောင်းကို မွေးမြူခြင်းက နှလုံးစိတ်ဝမ်းငြိမ်းချမ်းမှုအတွက် အာဟာရဖြစ်စေပါတယ်။
- ❖ မြန်မာပြည်သူ ပြည်သားတစ်ယောက်အနေနဲ့ မြည်မာပြည်တွင်းထဲမှာတောင် မိမိမရောက်ဖူးသေးတဲ့ မြို့၊ ရွာ ဒေသတွေ အများကြီး ရှိနေပါသေးတယ်။ ရုံးပိတ်ရက်အတို၊ အရှည်ပေါ်မူတည်ပြီး ကျန်းမာရေးကောင်းစဉ် မရောက်ဖူးသေးတဲ့ နေရာဒေသတွေကို ချစ်ရတဲ့ မိသားစု သို့မဟုတ် မိတ်ဆွေများနဲ့ ခရီးထွက်ကြည့်ပါ။
- ❖ ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်၊ ကိုယ်နေတဲ့မြို့ (ကိုယ့်ပတ်ဝန်းကျင်က အနီးဆုံးလူတွေ) အတွက် ပျော်ရွှင်အောင်၊ သာယာအောင်၊ အဆင်ပြေအောင်၊ လှပအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် ဘယ်လိုများ ကူညီရမလဲ။ နည်းလမ်းတွေ ရှာဖွေပါ။ ပါဝင်လှုပ်ရှားပါ။ ကျရာတာဝန်ကို ပျော်ပျော်ရွှင်ရွှင် ကူညီပေးလိုက်ပါ။
- ❖ ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ မြန်မာနိုင်ငံကို ၂၀၂၀ ပြည့်နှစ် မတ်လကတည်းက ကူးစက်ပျံ့နှံ့ရောက်ရှိလာခဲ့ပြီး အခုချိန်အထိ ကိုဗစ်မျိုးဗီဇပြောင်း ပိုးသစ်တွေ ထွက်ပေါ်လျက်ရှိရာ ကမ္ဘာအနှံ့အပြား ကိုဗစ်ခရီး ရှည်နေဦးမှာဖြစ်ပြီး မြန်မာနိုင်ငံမှာလည်း ယနေ့အထိ ကိုဗစ်လှိုင်းများကို ကြံ့ကြံ့ခံနေကြဆဲဖြစ်ပါတယ်။ ဒါကြောင့် လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာ မကြာမကြာ ဆေးကြောခြင်း၊ အရေးတကြီးကိစ္စ သို့မဟုတ် မဖြစ်မနေကိစ္စ သွားလာရသည်မှအပ အိမ်ထဲမှာသာ နေခြင်း၊ အပြင်ထွက်တဲ့အခါ Mask နဲ့ Face Shield တပ်ဆင်ခြင်း၊ တစ်ဦးနဲ့ တစ်ဦး ခြောက်ပေအကွာ ခပ်ခွာခွာနေခြင်း၊ လူစုလူဝေးရှောင်ခြင်း၊ ကိုဗစ်ကာ ကွယ်ဆေးကို အကြိမ်ရေပြည့် ထိုးနှံထားခြင်း စတဲ့ New Normal Life ပုံစံနဲ့ အကျွမ်းတဝင် ရှိနေကြပြီဖြစ်ပါတယ်။ "ကိုဗစ်ရောဂါ မိမိကစ ကာကွယ်ပါ" ဆိုတဲ့ ဆောင်ပုဒ်လေးအတိုင်း ၂၀၂၂ ခုနှစ် နှစ်သစ်မှသည် နောင်လာမယ့် သက္ကရာဇ်များဆီသို့ မိမိကြောင့် ကိုဗစ်ရောဂါအပါအဝင် ကူးစက်ရောဂါအမျိုးမျိုး မပြန့်ပွားအောင် ကမ္ဘာကြီးပြန်လည် နေကောင်းလာသည်အထိ New Normal Life ပုံစံကို ဆက်လက်ထိန်းသိမ်းကြရင်း အကောင်းဆုံးနှစ်သစ်ကို ဖြတ်သန်းဖို့ သန္နိဋ္ဌာန်တွေ ချကြည့်ကြပါစို့လို့ တိုက်တွန်းလိုက်ပါရစေ။ ။

*စာမျက်နှာ ၁၇ မှ*

(ဧက ၁၀ ဒသမ ၀၃ ဘီလီယံ) ရှိသဖြင့် ယင်းပမာဏနှင့် တွက်ချက်ပါလျှင် တစ်ဟက်တာ (၂ ဒသမ ၄၇ ဧက) လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ ၁ ဒသမ ၈၇ မက်ထရစ်တန်ခန့် နှစ်စဉ်စုပ်ယူကြောင်း ခန့်မှန်းနိုင်သည်။ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဟက်တာ ၂၈ ဒသမ ၅ သန်း (ဧက ၇၀ ဒသမ ၄ သန်း) ရှိသဖြင့် မြန်မာ့သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက် ထုထည် မက်ထရစ်တန် ၅၃ သန်းကျော်ကို နှစ်စဉ်စုပ်ယူနေကြောင်း ခန့်မှန်းနိုင်ပါသည်။

**ထောက်ပံ့ခြင်း ဝန်ဆောင်မှု**

ဇီဝမျိုးစုံမျိုးကွဲများ အသက်ရှင်နေထိုင်ရန် နေရာပေးအပ်ခြင်း၊ မျိုးရိုးဗီဇထိန်းသိမ်းပေးထားခြင်း၊ မြေဆီလွှာဖြစ်ပေါ်စေခြင်း၊ မြေဩဇာများ လည်ပတ်စေခြင်းစသည်တို့ ပါဝင်သည်။ သစ်တောများတွင် သစ်မျိုးစိတ်ပေါင်း ၆၀၀၈၂ မျိုးပေါက်ရောက်လျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲအများစု၏ နေထိုင်ရာ နေရာလည်း ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် အမျိုးအမည်ခွဲခြားစိတ်ဖြာပြီးဖြစ်သည့် အင်းဆက်များအပါအဝင် ကျောရိုးမဲ့သတ္တဝါ မျိုးစိတ်ပေါင်း ၁ ဒသမ ၃ သန်းခန့်ရှိပြီး အများအပြားသည် သစ်တောများအတွင်းတွင် နေထိုင်ကြသည်။ ခွဲခြမ်းစိတ်ဖြာ၍ အမျိုးအမည်ဖော်ထုတ်ပြီး ကျောရိုးရှိ သတ္တဝါ ၇၀၀၀၀ ခန့်အနက် ကုန်းနေ၊ ရေနေသတ္တဝါ ၅၀၀၀၀ ခန့်၊ ငှက်မျိုးစိတ် ၇၅၀၀ ခန့်နှင့် နို့တိုက်သတ္တဝါ ၃၇၀၀ ခန့်သည် သစ်တောများတွင် နေထိုင်လျက်ရှိပါသည်။

**ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှု**

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု၊ ရှုခင်းအလှအပကို တန်ဖိုးထားမှု၊ အပန်းဖြေနားနေမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို နှစ်သက်မြတ်နိုးမှု၊ သဘာဝအရင်းအမြစ်များကို ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ သုံးစွဲမှုစသည်တို့ ပါဝင်သည်။ အပန်းဖြေနားနေရန် သဘာဝအခြေခံအခွင့်အလမ်းများကို ပေးအပ်နိုင်သည်မှာ သစ်တောများဖြစ်ပြီး စိတ်ကျန်းမာရေးနှင့် ရုပ်ကျန်းမာရေးကို ပေးအပ်နိုင်ပါသည်။

သစ်ပင်များ၊ ဂေဟစနစ်များနှင့် တောရိုင်းတိရစ္ဆာန်များသည် စိတ်ဝင်စားစရာ အရင်းအမြစ်များဖြစ်သကဲ့သို့ ပညာရေးဆိုင်ရာလေ့လာရန် နေရာကောင်းများလည်း ဖြစ်သည်။ သဘာဝအမွေအနှစ်များ၊ ရိုးရာဗဟုသုတများ၊ ဓလေ့ထုံးတမ်းစဉ်လာများသည် အပန်းပြေစေပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအရာများဖြစ်သည်။ အတွေ့အကြုံ ရယူထားသင့်သည့် အရာများလည်း ဖြစ်ပါသည်။

**သစ်တောများ ရေရှည်တည်တံ့ရေး**

သစ်တောများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအရ အရေးပါမှုကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပညာရှင်များ သိမြင်ခဲ့ကြပြီး သစ်တောပညာကို သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ သစ်တောများ ရေရှည်တည်တံ့ပြီး သစ်တောများမှပေးအပ်သည့် အကျိုးကျေးဇူးများ ထာဝစဉ်စီးဆင်းရရှိနေစေရန် ရည်ရွယ်လျက် စီမံအုပ်ချုပ်လုပ်ကိုင်မှု၊ အပူပိုင်းသစ်တောအုပ်ချုပ်လုပ်ကိုင်မှု၊ သစ်တောပြုစုပျိုးထောင်မှု နည်းစနစ်များ၊ သစ်တောကာကွယ်ထိန်းသိမ်းမှု၊ သစ်မျိုးခွဲနည်းပညာ၊ သစ်တောအင်ဂျင်နီယာ၊ သစ်တောသယံဇာတ စာရင်းကောက်ယူမှု၊ သစ်တောမူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ မှိုဇီဝဗေဒ၊ မြေဆီလွှာ၊ သစ်ထုတ်လုပ်မှု၊ စာရင်းအင်းပညာ၊ သစ်သားနည်းပညာ၊ သစ်တောတိုင်းတာခြင်း၊ ကောင်းကင်ဓာတ်ပုံပညာ၊ ရောဂါဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ သစ်အသုံးချခြင်း၊ ဈေးကွက်တင်ပို့ခြင်း၊ မြေတိုင်းပညာ၊ ဘူမိဗေဒ၊ ကိမိလဗေဒနှင့် သစ်တောဘောဂဗေဒ ဘာသာရပ်များကို စဉ်ဆက်မပြတ် သင်ကြားပို့ချပေးခဲ့ပါသည်။

သစ်တောပညာ နှစ်တစ်ရာပြည့်မြောက်သည့် ယနေ့အချိန်အခါတွင် နေပြည်တော် (ရေဆင်း) ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ ဖော်ပြပါ ပညာရပ်များကို သာမက ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သစ်တောဂေဟစနစ်၊ သစ်တောမျိုးရိုးဗီဇ၊ စက္ကူနှင့်ပျော့ဖတ်၊ သစ်အခြေခံ ကုန်ချောပစ္စည်းများ၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ သဘာဝနယ်မြေနှင့် တောရိုင်းတိရစ္ဆာန်အုပ်ချုပ်လုပ်ကိုင်မှု၊ ရေဝေရေလဲ အုပ်ချုပ်လုပ်ကိုင်မှု၊ သစ်တောတိုးချဲ့ပညာနှင့် ပတ်ဝန်းကျင်ဆိုင်ရာပညာရေး၊ သုတေသနလုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများ၊ လူမှုသစ်တောနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးပညာ၊ ခရီးသွားဝန်ဆောင်မှုစသည့်ဘာသာရပ်များကိုလည်း တိုးချဲ့သင်ကြားပို့ချပေးလျက်ရှိပါသည်။

အဆိုပါဘာသာရပ်များကို သင်ကြားပို့ချရာတွင် စာတွေ့လက်တွေ့ခွဲခြားပြီး သင်ကြား ပို့ချလျက်ရှိပါသည်။ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ လုပ်ငန်း/ဌာနများမှ ဆောင်ရွက်နေမှုများကို ကွင်းဆင်းလေ့လာခြင်း၊ လက်တွေ့ဝင်ရောက်လုပ်ကိုင်ခြင်းများဖြင့် သီအိုရီနှင့် လက်တွေ့ကို ပေါင်းစပ်ပေးပါသည်။

ဖော်ပြပါ ဘာသာရပ်များကို စာတွေ့လက်တွေ့ ဆောင်ရွက်ခြင်းဖြင့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် အတွေ့အကြုံများရရှိပြီး အရည်အချင်းပြည့်ဝသော သစ်တောပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မြန်မာ့သစ်တောများ ရေရှည်တည်တံ့စေပြီး သစ်တောများ၏ ဝန်ဆောင်မှုအမျိုးမျိုးနှင့် အကျိုးကျေးဇူးများ ထာဝစဉ်စီးဆင်းစေမည်ဖြစ်ပါကြောင်း သစ်တောပညာနှစ်တစ်ရာပြည့်ခရီးကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

# သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁




၁၉၉၇ ခုနှစ်မှစ၍ ထုတ်ဝေဖြန့်ချိခဲ့သော SH (ရှုထောင့်/အထူးဟစ်တိုင်) သတင်းဌာနတွင် နှစ်ပေါင်း ၂၅ နှစ်ကျော်တိုင်အောင် နာယကကြီးများအဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့သော သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိမြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး ဦးရဲနိုင်စိုးက မှဒိတာစကား ပြောကြားသည်။

ထို့နောက် SH (ရှုထောင့်/အထူးဟစ်တိုင်)သတင်းဌာနတွင် နာယကအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသော သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးစာပေပညာရှင်များကိုယ်စား မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ဆုတောင်းစကားနှင့် ဆုံးမစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တွဲဖက်အတွင်းရေးမှူးများနှင့် ကောင်စီဝင်များ၊ SH (ရှုထောင့်/အထူးဟစ်တိုင်) သတင်းဌာနမှ အမှုဆောင်အရာရှိချုပ် ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၁၂ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၁၄၁၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၁၃၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၈၁၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၈၁၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၀ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၀ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၃၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၆၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၈၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၉၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၆ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၂ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၇၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၉၀၀ | ၃၅၇ | ၃၁၂၆၃၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၄၄၃ | ၁၄၆၁၈၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၆ | ၂၀၀၂၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၅ | ၂၈၅၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၅၆ | ၁၄၅၆၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀ | ၂၇၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄၀၂ | ၁၉၇၀၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(**မင်္ဂလသုတ်**)
**၀၆:၂၅** ၂၀၂၃ခုနှစ်၊နှစ်သစ်ကူးသြဝါဒ(ဖန်းမော်ဆရာတော်၊သန်လျင်မင်းကျောင်းဆရာတော်၊လိပ်ပြာကန်ဆရာတော်၊အောင်ဆန်းဆရာတော်၊အောက်စပိုဒ့်ဆရာတော်၊လုရတနာဆရာတော်၊ဒေါက်တာအရှင်ဆေကိန္ဒ၊ရွှေလင်းယုန်ဆရာတော်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** နှစ်ဦးတရားတော်(**သီတဂူဆရာတော်ကြီး**)
**၀၈:၃၅** နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်'
**၀၉:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲတူယှဉ်နွဲပျော်ဂီတပွဲတော် Season- 2 တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်(Level-2)(ပွဲစဉ်-၁၈)(Grand Final)(Result Show)
**၁၃:၀၅** MRTV National News
**၁၃:၃၀** မြန်မာဂန္ထဝင်ရုပ်ရှင်"**ငါ့ညီငါ့ပြေငါ့အမေ**"
**၁၆:၄၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၁၅** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
**၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ဒီဇင်ဘာလ)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာ...သိရိဂေဟာ
**၁၉:၁၅** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုဇာတ်လမ်း
**၂၀:၀၀** နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်'
**၂၁:၁၅** ဘဝနှင့်အနုပညာ 'သီတာမှသည်တေးသံရှင်ခိုင်ဝါဆီ(အပိုင်း-၂)
**၂၁:၃၀** ဆေးရောင်စုံရုပ်ရှင်"**မြန်မာ့ဖော်ကွန်း**"

**mitv**

**07:01** Evergreen Classic: Zambudipar (Shwe Yee Win)
**07:09** Tapestry - A Unique Combination Of Painting and Craftsmanship
**07:29** Myanmar Traditional Snacks: Sago Syrup with Sweet Potato
**07:34** Sitagu International Buddhist Academy (Part-1)
**08:01** News
**08:28** Products of Myanmar - Strong And Stylish Pakokku Slippers
**08:40** The Four Famous of Bagan
**09:01** His Life and His Art: Myanmarpyi Thein Tan-The Legendary Musician (Epi-5) 1970~1989
**09:35** Today Myanmar:The 365-Day Dawn Alms-Food Offering Association
**09:44** Mogok, Ruby Land
**10:01** News
**10:27** Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ညောင်စေးပြုလုပ်ခြင်း
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ဒူးရင်းသီးနှင့်ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ကျောက်ရိုးတော်မာတ်စေတီ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ငါးပေါင်းအစားအစာ
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ဝဥစိုက်ကြမယ်
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားရိုးရာဝတ်အူချောင်း
**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၈)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ထီလာပုဂံ
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၁၅** ၂၀၂၃ခုနှစ်၊နှစ်သစ်ကူးသြဝါဒ
**၀၇:၁၅** ၂၀၂၃ခုနှစ်၊နှစ်ဦးတရားတော်သီတဂူဆရာတော်
**၀၈:၁၅** နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား
**၀၉:၁၅** ပြည်တွင်းသတင်း(LIVE)
**၁၀:၃၀** နှစ်သစ်ကူးဆုတောင်းစကားသံ(ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)
**၁၁:၁၅** Next Level (Week- 18)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၂၁:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၃ခုနှစ်၊ဒီဇင်ဘာလ)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို"**မမှန်သတင်းပေးခြင်း**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း-အပိုင်း(၃)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၃)
**၁၁:၃၀** 'အတွေးအမြင်'-အပိုင်း(၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
**၀၆:၅၀** တို့ဝလေ့...တို့သဘာဝ
**၀၇:၀၀** "စိုက်ပျိုးရေးရာအဖြေရှာ"
**၀၇:၁၅** မျိုးကောင်းမျိုးသန့်မှသည်
**၀၈:၂၀** အာဟာရပြည့်စုံပဲစင်းငုံအာဟာရပြည့်ဝဖို့ထောက်ကူပေးပဲစင်းငုံအစားထိုးစိုက်ပျိုးရေး
**၀၈:၄၅** မြန်မာ့ဆီအိုးထဲမှနှမ်း
**၀၉:၁၀** တောင်သူမှသည်...တောင်သူဆီသို့
**၀၉:၅၀** လက်ပံတန်းနယ်မြေအတွင်းမတ်ပဲစိုက်ခင်းများဆီသို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်းစုမြို့နယ်မှထွက်ရှိသော ဂျင်းများ ဈေးကောင်းရ၍ ယခင်နှစ်များထက် ဂျင်းမွေးမြူသူ သုံးဆအထိ များလာ

**ကျွန်းစု ဒီဇင်ဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းမှ ထွက်ရှိသည့် ပင်လယ်ထွက်ကုန်တစ်မျိုးဖြစ်သော ဂျင်း(ပင်လယ်ခရုအနွယ်ဝင်)များကို ထိုင်းနိုင်ငံမှ ဈေးကောင်းပေးဝယ်ယူမှု များပြားလာသည့်အတွက် ယခင်က တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်နေရာမှ စီးပွားဖြစ်မွေးမြူသူများလာပြီး ယခုနှစ်တွင် ယခင်နှစ်များထက် ဂျင်းမွေးမြူသူ သုံးဆခန့်အထိ ပိုမိုများပြားလာကြောင်း ရေကန်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဂျင်းမွေးမြူရောင်းချသူများထံမှ သိရသည်။

ပင်လယ်ထွက်ကုန်တစ်မျိုးဖြစ်သော ဂျင်းများသည် ကျွန်းစုမြို့နယ်အတွင်းရှိ ပင်လယ်ကျွန်းကျေးရွာများတွင် အများစုထွက်ရှိပြီး ယခင်က ပင်လယ်ကမ်းစပ်တစ်လျှောက်နှင့် မြစ်ကမ်းစပ်တစ်လျှောက် သဘာဝအလျောက်တွေ့ရှိသည့် ဂျင်းများကိုသာ ကောက်ယူရောင်းချခဲ့ရာမှ သဘာဝဂျင်းများကို ကောက်ယူသူများပြားလာသည့်အပြင် ပြည်တွင်းသာမက ထိုင်းနိုင်ငံကပါ ဈေးကောင်းပေးဝယ်ယူလာသောကြောင့် တစ်ပိုင်တစ်နိုင် ဂျင်းမွေးမြူရေးလုပ်ငန်းများကို စတင်လုပ်ကိုင်လာခဲ့ကြရာမှ ယခုအခါ စီးပွားဖြစ်မွေးမြူသူ ပိုမိုများပြားလာကြောင်း သိရသည်။

“အရင်က တစ်ကီလိုကို ကျပ် ၄၈၀၀ ရှိရာကနေ အခုနှစ်မှာ ကျပ် ၆၅၀၀ အထိ ဈေးကောင်းလာပါတယ်။ ထိုင်းနိုင်ငံက အဓိကဝယ်ယူနေတဲ့အတွက် ထိုင်းနိုင်ငံကိုပဲ တင်ပို့ပေးနေတာများပါတယ်။ မောတောင်ကုန်သွယ်မှုနဲ့ ကော့သောင်း-ရနောင်း ကုန်သွယ်မှုလမ်းကြောင်းတွေကနေ တင်ပို့ပေးနေရတယ်။ နိုင်ငံတော်အစိုးရက လုပ်ငန်းရှင်တစ်ဦးကို ဧက ၃၀ အထိ လိုင်စင်ချထားပေးတယ်။ မွေးမြူခွင့်လည်း ပေးနေပါတယ်။ ပင်လယ်ကမ်းခြေနဲ့ ဒီရေတောကမ်းခြေတွေမှာ အဓိက မွေးမြူအောင်မြင်နိုင်ပါတယ်။ နုံးများတဲ့ ရွှံ့ကမ်းစပ်တွေမှာသာ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဂျင်းကောက်တဲ့သူတွေကတော့ တစ်ကီလိုကို ကျပ် ၁၀၀၀ အထိ လုပ်အားခရရှိတဲ့အတွက် တစ်နေ့ကို ကျပ် ၂၀၀၀၀ အထိ ဝင်ငွေရှိပါတယ်”ဟု ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာမှ ဂျင်းမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းစု၊ ပုလော၊ ဘုတ်ပြင်း စသည့်မြို့နယ်များမှ ထွက်ရှိသော ဂျင်းများကို မောတောင်မြို့နှင့် ကော့သောင်းနယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံရှိ ဂျင်းအဝယ်ဒိုင်ကြီးများသို့ တင်ပို့ရောင်းချပြီး ထိုင်းနိုင်ငံအတွင်းတွင် စားသုံးသူပိုမိုများပြားကြောင်းနှင့် အဆိုပါဂျင်းများကို အချဉ်ရည်တစ်မျိုးဖြင့် အစိမ်းတို့စားကြကြောင်း သိရသည်။

“ဂျင်းကို တစ်နှစ်ပတ်လုံးမွေးနိုင်ပြီး ဂျင်းသားပေါက်ကနေ ဈေးကွက်ဝင်တဲ့ အရွယ်အစားရှိတဲ့အချိန်အထိ ခြောက်လ၊ ခုနစ်လ မွေးမြူရပါတယ်။ ဂျင်းသားပေါက်တွေကို ဘုတ်ပြင်း၊ ကျွန်းစုနဲ့ ပုလော



မွေးမြူထားသော ဂျင်းကောင်များကို ဖမ်းဆီးနေသည့် ရေလုပ်သားများ။



မြို့နယ်တွေက သဘာဝဂျင်းကုန်းတွေမှာ လိုက်လံဝယ်ယူပြီး မိမိတို့မွေးမြူခွင့်ရတဲ့ ကမ်းစပ်တွေမှာ ပြန်လည်မွေးမြူလို့ရတယ်။ ဒေသခံကော်မတီတွေက ဂျင်းသားပေါက်တွေကို ဈေးနှုန်းသတ်မှတ်ပြီး မွေးမြူရေးလုပ်ငန်းရှင်တွေကို ပြန်လည်ဝယ်ယူခွင့်ပေးတာဖြစ်ပါတယ်။ ဂျင်းသားပေါက်တွေ ပေါက်ပွားမှုမှာ ပင်လယ်ရေစီးကြောင်းအတိုင်း မျောပါလာတဲ့ ဂျင်းဖိုမဟိုမုန်းတွေကတစ်ဆင့် မျိုးပွားတာဖြစ်ပါတယ်။ သဘာဝအလျောက် ဂျင်းသားပေါက်ပေါက်ပွားနေတဲ့နေရာတွေကို တာဝန်ရှိသူတွေနဲ့ ဒေသခံကော်မတီတွေ ထိန်းသိမ်းထားပြီး လုပ်ငန်းရှင်တွေကို သားပေါက်တွေ ပြန်လည်ရောင်းချပေးပါတယ်”ဟု ပုလောမြို့နယ် ပင်လယ်ကမ်းစပ်၌ ဂျင်းမွေးမြူရေးလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပင်လယ်ရေထွက်ကုန် ဂျင်းမွေးမြူခြင်းလုပ်ငန်းကို ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ကမ်းစပ်တစ်လျှောက်ရှိ ရေကန်တောင်၊ ရေအေး၊ ကလိန်ဘဲ၊ သဲချောင်း၊ စခန်းသစ်၊ ရေကန်အော်၊ ပန်းဇင်၊ မင်းချမ်းတောင်၊ ကတန်၊ ပရည်ကျွန်းနှင့် မအိုင် စသည့် ကျေးရွာများ၌ အဓိကလုပ်ကိုင်ပြီး ပုလောမြို့နယ်အတွင်းမှ လက္ကူး၊ ပိတပ်၊ ကင်းဖြူ ကျောက္ကာအုပ်စုနှင့် ပလမြို့တို့ရှိ ကမ်းခြေတစ်လျှောက်နှင့် ဒီရေတောကမ်းစပ်များတွင်လည်း အဓိကထားမွေးမြူကြကြောင်း သိရသည်။ ထို့ပြင် ဘုတ်ပြင်းမြို့နယ်၌လည်း ကုန်းနှင့် ဆက်စပ်နေသည့် ကမ်းခြေတစ်လျှောက်တို့တွင် မွေးမြူလုပ်ကိုင်ကြကြောင်းနှင့် ယခင်နှစ်ကထက် ယခုနှစ်တွင် ထိုင်းနိုင်ငံက ဈေးကောင်းပေးဝယ်ယူလာသည့်အတွက် ဒေသအတွင်း ဂျင်းမွေးမြူရေးလုပ်ကိုင်သူလည်း ပိုမိုများပြားလာကြောင်း ဒေသခံဂျင်းမွေးမြူသူများထံမှ သိရသည်။

မြင့်ဦး(မြိတ်)

# ရှင်မတောင်ဒေသထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုရ

**ညောင်ဦး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးများနှင့် မြိုင်မြို့နယ်ထွက် သနပ်ခါးများသည် စိုက်ပျိုးရေး သနပ်ခါးများထက် ဈေးနှုန်းပိုမိုရရှိရောင်းချနေရကြောင်း ပုဂံမြို့ဟောင်း နန်းဦးဘုရားကြီးတွင် ရောင်းချနေသည့် သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရေးပွဲစားများထံမှ သိရသည်။

နန်းဦးဘုရားကြီး သနပ်ခါးတန်းတွင် သနပ်ခါးရောင်းဝယ်ရေး ပြုလုပ်နေသည့် ဈေးသည်ဦးရေ ၁၀ ဦးခန့်ရှိပြီး သနပ်ခါးပင်၊ သနပ်ခါးတုံးများ ရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ဇောက်ပင်ရွာထွက် သနပ်ခါးများ၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အရည်အသွေးကောင်းမွန်၍ အသွေးခံပြီး လိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင် သင်းပျံ့ခြင်းတို့ကြောင့် နာမည်ကြီးသော သနပ်ခါးများဖြစ်ကြောင်း သနပ်ခါးပွဲစားတစ်ဦးက ပြောသည်။

နန်းဦးဘုရားကြီးရှိ သနပ်ခါးတန်းတွင် ဆယ်နှစ်ကျော်အထက် ရှင်မတောင်သနပ်ခါးမျိုးများကိုသာ ရောင်းချကြသဖြင့် သနပ်ခါးပွဲစားတန်း နာမည်ရရှိနေခြင်းဖြစ်ကြောင်း၊ အရည်အသွေးအာမခံပြီး တစ်နိုင်ငံလုံးသို့ လက်လီ၊ လက်ကား ရောင်းချကြကြောင်း၊ သနပ်ခါးတုံးများကို ပုံမှန်အရှည်တစ်ပေခွဲသာ ရောင်းချပြီး ဝယ်ယူသူက ဖြတ်ခိုင်းမှသာ ဖြတ်ပေးကြောင်း၊ အရှည်တစ်ပေခွဲသနပ်ခါးတုံး တစ်တုံးလျှင် ကျပ် ၈၀၀၀ မှ ၁၅၀၀၀ အထိရှိပြီး အပွေးပါရှိမှုများလျှင် ပို၍ဈေးရကာ အပွေးပါရှိမှုနည်းလျှင် ဈေးလျှော့ရောင်းချရကြောင်း သိရသည်။

ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အပွေးထူ၍ ဝယ်ယူသူအကြိုက် ရှင်မတောင်သနပ်ခါးမျိုးများဖြစ်ကြောင်း၊ အရည်အသွေးတွင် အခြားဒေသထွက် စိုက်ပျိုးရေးသနပ်ခါးများနှင့် ကွာခြားပြီး သနပ်ခါးလိမ်းခြယ်ကြည့်ခြင်း၊ သနပ်ခါးသွေးကြည့်ခြင်းများဖြင့် အရည်အသွေးကွာခြားမှုကို သိနိုင်ကြောင်း၊ ရှင်မတောင်သနပ်ခါးသည် အိစက်ညက်ချောကာ စိုက်ပျိုးရေးသနပ်ခါးတုံးများထက် ပို၍ အထားခံခြင်းကြောင့် ဈေးနှုန်းပိုမိုရရှိပြီး ဝယ်ယူသုံးစွဲမှုလည်း များပြားခြင်းဖြစ်ကြောင်း သနပ်ခါးပွဲစားတစ်ဦးဖြစ်သူ ဦးဝင်းသိန်း ထံမှ သိရသည်။



ဝင်းထိန်

# ငဖဲမြို့နယ်၌ စပါးပေါ်ချိန် ရောမင်းစပါးတစ်တင်းလျှင် ကျပ် ၁၂၀၀၀ နှုန်းအထိ ဈေးရရှိနေ

**ငဖဲ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်တွင် စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ရပ်ကွက်/ကျေးရွာများ၌ ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ တစ်ဧကအထွက်နှုန်း ပျမ်းမျှ တင်း ၈၀ နှုန်း ထွက်ရှိပြီး ရောမင်းစပါးတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ရောင်းချနေရကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် လယ်ထွန်ခ၊ ပျိုးနုတ်ခ၊ ကောက်စိုက် ငှားရမ်းခ၊ ပေါင်းနုတ်ခနှင့် ဓာတ်မြေဩဇာဆေးဖိုးစရိတ်များ ကြီးမြင့်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့ရာတွင်လည်း ကောက်ရိတ်အငှားလုပ်သားများ ရှားပါးခြင်းကြောင့် စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ပါက လယ်တစ်ဧကလျှင် ရိတ်ခ ကျပ် တစ်သိန်း၊ ရိတ်သိမ်းပြီး ခြွေလှေ့နေရာသို့ သယ်ဆောင်ခ တစ်ခေါက်လျှင် ကျပ်နှစ်သောင်းနှုန်း ပေးရခြင်းတို့ကြောင့် စိုက်ပျိုးစရိတ်ကြီးမြင့်ကြောင်း၊ ယခု မိုးစပါးတစ်တင်းလျှင် မျိုးကွဲအလိုက် ကျပ်တစ်သောင်းမှ တစ်သောင်းနှစ်ထောင်အထိ ပေါက်ဈေးရှိ၍ စပါးဈေးမြင့်သော်လည်း အမြတ်အစွန်းကျန်ရှိမှု နည်းပါးကြောင်း မိုးစပါးစိုက်တောင်သူများထံမှ သိရသည်။

ငဖဲမြို့နယ်၌ ယခုနှစ် မိုးစပါးများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံ၊ ရင်းရှည်ရေလှောင်တမံနှင့် ဆည်ငယ်၊ ကန်ငယ်များ၏ ရေသောက်ဧရိယာများနှင့် မိုးကောင်းသောက်ဧရိယာများ၌ ၈၃၁၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၉၀၅၈ ဧကအထိ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး စပါးမျိုးများအဖြစ် မနောသုခ ၃၅၃၅ ဧက၊ ဆင်းသုခ ၁၁၄၉ ဧက၊ ရတနာတိုး ၄၇၉ ဧက၊ ရောမင်း ၃၂၅၄ ဧက၊ ကောက်ညှင်း ၄၅ ဧကနှင့် တောင်ယာစပါး ၅၉၆ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးမှ သိရသည်။

မယု(ငဖဲ)

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို အတူဖော်ဆောင်ကြပါစို့



ကသာခရိုင် အင်းတော်မြို့နယ်မှ တောင်သူများ သဘာဝမြေဩဇာပြုလုပ်နေစဉ်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေဆီလွှာ အရည်အသွေး ရေရှည်ထိန်းသိမ်းနိုင်ရေးသည် တောင်သူလယ်သမားများ၊ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများ အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ စိုက်ပျိုးမြေဆီလွှာ အရည်အသွေးကို စစ်ဆေးကြည့်ပါက မြေဆီအာဟာရဓာတ် ကြွယ်ဝခြင်း၊ မြေချဉ်ငန်ဓာတ် အနိမ့်အမြင့် မျှတခြင်း၊ သဘာဝဟန်ချက်များ ညီမျှခြင်း တို့သည် အဓိကအချက်များဖြစ်သည်ကို တွေ့ရှိရသည်။

အများလို အာဟာရများဖြစ်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ် ပိုတက်ဆီယမ်ဓာတ်တို့သည် သီးနှံတစ်ခုချင်း ဖြစ်ထွန်းကောင်းမွန်လာစေရေးအတွက် အဓိကလိုအပ်ပြီး ကယ်လဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဆာလဖာဓာတ်တို့သည် ဒုတိယအများဆုံးလိုအပ်သော ဓာတ်များဖြစ်သည်။ သံ၊ မဂ္ဂနီဆီယမ်၊ သွပ်၊ ကြေးနီ၊ မော်လစ်ဒီနမ်၊ ဘိုရွန်၊ ကလိုရင်းဓာတ်တို့မှာ ပျမ်းမျှအားဖြင့် အနည်းငယ်မျှသာ လိုအပ်သည့်ဓာတ်များ ဖြစ်ကြသည်။ ထိုကဲ့သော လိုအပ်သောအာဟာရဓာတ်များကို ဖြည့်ဆည်းပေးရန် မိမိတို့၏လယ်ယာမြေများသို့ ဓာတုမြေဩဇာ၊ သဘာဝ မြေဩဇာများ ထည့်သွင်းခြင်းကို လုပ်ဆောင်ကြရသည်။

နွေ၊ မိုး၊ ဆောင်း ကာလသုံးပါးလုံး စီးပွားဖြစ် ရေရှည် စိုက်ပျိုးပြီးသည့်နောက် မြေဆီလွှာအာဟာရဓာတ်များနှင့် မြေဆီလွှာအတွင်းရှိ အဏုဇီဝများ၏ သဘာဝဟန်ချက်များ၊ မြေဆီလွှာချဉ်ငန်ဓာတ်များ ယုတ်လျော့ပျက်စီးလာရသည့် အကြောင်းရင်းများမှာလည်း ထိုကဲ့သို့ ဓာတုဗေဒမြေဩဇာပိုးသတ်ဆေး မှိုသတ်ဆေးပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း၊ သဘာဝမြေဩဇာများ တစ်စတစ်စ ရှားပါးလာခြင်း၊ သဘာဝနည်းစနစ်များကို အသုံးပြုမှုနည်းပါးလာခြင်းစသည့် အကြောင်းရင်းများကြောင့်ပင် ဖြစ်နေပြန်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို လိုအပ်မှသာ နည်းစနစ် မှန်မှန်ကန်ကန်အသုံးပြုသင့်သည်။ ရာသီအလိုက် ပိုးမွှားကျရောက်မှုနှင့် မှိုနှင့် ဘက်တီးရီးယားရောဂါများ ကျရောက်မှုဖြစ်ပွားလာပါက နီးစပ်ရာ ဓာတုဆေးဝါးများကို ဝယ်ယူအသုံးပြုရာတွင် အနာနှင့်ဆေး တည့်အောင်အသုံးပြုပြီး အချိုးအဆ/နှုန်းထား မှန်ကန်စွာ အသုံးပြုရေးကို အထူးဂရုပြုသင့်ပါသည်။ ပတ်ဝန်းကျင်နှင့် မိမိကိုယ်တိုင်၏ ကျန်းမာရေးကို ထိခိုက်မှုမရှိစေရန် လက်အိတ်၊ နှာခေါင်းစည်း၊ ဦးထုပ် စသည့် အကာအကွယ်တို့ကိုလည်း ဝတ်ဆင်အသုံးပြုရပါမည်။

ထို့ပြင် ပိုးမွှားရောဂါ ဖြစ်ပေါ်စေတတ်သော အကြောင်းအရင်းများကို စနစ်တကျလေ့လာပြီး သဘာဝမြေဩဇာ နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးများကို စိုက်ခင်းအတွင်း လိုအပ်သလို အသုံးပြုခြင်း၊ အသီးအရွက်၊ အသားငါးများ၏ စွန့်ပစ်ပစ္စည်းများကို ဆွေးမြေ့အောင်ပြုလုပ်ထားသော အကျိုးပြုအဏုဇီဝ EM (Effective Micro-Organisms)များ တိုးပွားစေသော သဘာဝမြေဩဇာများ သုံးစွဲပေးခြင်း၊ သဘာဝနည်းလမ်းများဖြင့် ထုတ်လုပ်ထားသော မြေဩဇာအမှတ်တံဆိပ်များကို ရွေးချယ်သုံးစွဲခြင်းတို့ဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကုစားပေးနိုင်ပါသည်။

ဤသို့ဖြင့် မြေဆီလွှာ၏ သဘာဝဟန်ချက်မျှခြေများ ပြန်လည်ကောင်းမွန်လာခြင်း၊ သီးနှံအထွက်နှုန်းနှင့် သီးနှံအရည်အသွေးများ တိုးတက်ကောင်းမွန်လာခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု သက်သာခြင်း၊ ပိုးမွှားရောဂါကျရောက်မှု လျော့နည်းလာခြင်း၊ မြေဆီလွှာသဘာဝဟန်ချက် ညီညွတ်မျှတလာခြင်းတို့ဖြင့် ပြည့်စုံပြီး ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ဖော်ဆောင်သွားနိုင်မည် ဖြစ်ပေသည်။

**နန်းထက်ထက်ချစ်**

## မြန်မာထွက်ကုန် Hass ထောပတ်သီးကို ပြည်ပနိုင်ငံများသို့ တင်ပို့သွားနိုင်ရေးစီစဉ်ဆောင်ရွက်နေ

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၁**

မြန်မာ့ထွက်ကုန်ဖြစ်သော Hass အမျိုးအစား ထောပတ်သီးများကို ယခုနှစ်ရာသီတွင် ကမ်းလှမ်းထားသည့် ပြည်ပနိုင်ငံများသို့ တင်ပို့သွားနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

မြန်မာ Hass ထောပတ်မျိုးများကို ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်ပြီး ဝယ်ယူရန်အတွက် ကမ်းလှမ်းမှုများရှိကြောင်း၊ လက်ရှိအချိန်တွင် ထောပတ်သီးများကို ခူးဆွတ်နေပြီဖြစ်၍ ယင်းနိုင်ငံများသို့ လာမည့်ဇန်နဝါရီလဆန်းမှစ၍ တင်ပို့သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် Hass ထောပတ်သီးကို ဟောင်ကောင်သို့ နှစ်တန်မှ သုံးတန်အထိ စမ်းသပ်တင်ပို့နေကြောင်း သိရသည်။

"ပြည်ပနိုင်ငံတွေရဲ့ ပြပွဲတွေမှာ မြန်မာ Hass ထောပတ်သီးကို သွားရောက်ပြသခဲ့ပါတယ်။ ဒီလိုမျိုးသွားရောက်ပြသနိုင်တာကြောင့် ပြည်ပနိုင်ငံတော်တော်များများက မြန်မာ Hass ထောပတ်သီးကို ကြိုက်နှစ်သက်ပြီး ကမ်းလှမ်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့် ကမ်းလှမ်းတဲ့နိုင်ငံတွေကို နှစ်တန်၊ သုံးတန် စမ်းသပ်တင်ပို့သွားမှာပါ။ ပို့ဆောင်ရေးလမ်းကြောင်းနဲ့ ဈေးနှုန်းတွေအဆင်ပြေရင်တော့ မှာယူသလောက်ကို တင်ပို့ပေးသွားမှာပါ။ လက်ရှိမှာ ဈေးကောင်းရရှိဖို့အတွက် ဈေးနှုန်းတွေ ညှိနှိုင်းနေပါတယ်။ Hass မျိုးကိုပဲ အဓိက ပို့ဆောင်သွားမှာပါ။ ပြည်ပဝယ်လိုအားကောင်းတာက Hass အမျိုးအစား ထောပတ်သီးဖြစ်ပါတယ်။ တောင်သူတွေဆီကလည်း ထောပတ်သီးတွေ တစ်နှစ်ပြီးတစ်နှစ် လျှိုင်လျှိုင်ထွက်ရှိလာတော့မှာဖြစ်တာကြောင့် ဈေးကွက်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ နိုင်ငံခြားမျိုးတွေ စတင်စိုက်ပျိုးကတည်းက ပြည်ပပို့ကုန်အတွက် ရည်ရွယ်တာပါ။ ဒါကြောင့် ပြည်ပဈေးကွက်ရရှိရေးကိုလည်း ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစားအနေဖြင့် မြန်မာနိုင်ငံတွင် ခြောက်မျိုးရှိကာ လက်ရှိတွင် ထောပတ်သီးစိုက်ဧက ၂၀၀၀၀ ဝန်းကျင်နှင့် စိုက်ပျိုးသည့် တောင်သူဦးရေအနေဖြင့် ဖ၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီထွက်နှုန်းကောင်းပြီး တောင်သူများ၏ မျှော်မှန်းဈေးနှုန်းရရှိ

**ဆိပ်ဖြူ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီထွက်နှုန်းကောင်းပြီး စိုက်ပျိုးတောင်သူများ မျှော်မှန်းသည့်ဈေးနှုန်းလည်း ရရှိနေကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်မှတောင်သူများသည် ကိုင်းမြေ၊ ကုန်းစိုက်ခင်းနှင့် ချောင်းသဲသောင်မြေများ၌ ဆောင်းသီးနှံ ကြက်သွန်နီကို အဓိကထား စိုက်ပျိုးကြပြီး ကြက်သွန်နီဥစိုက်ကို သီတင်းကျွတ်လပြည့်ကျော်နှင့် တန်းဆောင်မုန်းလအတွင်း စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ကြက်သွန်နီဥစိုက်များကို တူးဖော်၍ ဆိပ်ဖြူကြက်သွန်နီကုန်စည်ဒိုင်သို့ လာရောက်ရောင်းချနေကြပြီး တောင်သူများမျှော်မှန်းသည့်ဈေးထက် ပိုမိုရရှိနေခြင်းဖြစ်ကြောင်း၊ ဆိပ်ဖြူ ကြက်သွန်နီကုန်စည်ဒိုင်သို့ နေ့စဉ်ကြက်သွန်နီ ပိဿာချိန် ၄၀၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် ကြက်သွန်နီ တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၁၄၀၀ မှ အမြင့်ဆုံး ကျပ် ၁၉၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာတွင် ကြက်သွန်နီမျိုးဖိုး၊ စိုက်ပျိုးမြေပြင်စရိတ်၊ မြေဩဇာသွင်းအားစု၊ ရေသွင်းစရိတ်နှင့် လုပ်သားစရိတ်များအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ကျပ်သိန်း ၂၀ ခန့် ကုန်ကျပြီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့် ဈေးရမှသာ အရင်းကြေကြောင်း၊ လက်ရှိတွင် ကြက်သွန်နီဈေးနှုန်းရရှိခြင်းကြောင့် တောင်သူများမျှော်မှန်းသည့် ဈေးနှုန်းများရှိခဲ့ကြောင်း ကြက်သွန်နီစိုက်တောင်သူများထံမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

## လိပ်သိုဒေသ၌ ရော်ဘာပင်များခုတ်လှဲရှင်းလင်းပြီး ကွမ်းသီးပင်များကြားညှပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**လိပ်သို ဒီဇင်ဘာ ၃၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုဒေသရှိ ရော်ဘာစိုက်တောင်သူအချို့မှာ ယခင်နှစ်များက ရော်ဘာပြားများ ဈေးကောင်းမရရှိခြင်းကြောင့် ရော်ဘာပင်များကို ခုတ်လှဲရောင်းချခဲ့ကြပြီး ကွမ်းသီးပင်များကို ကြားညှပ်ပြန်လည် စိုက်ပျိုးခဲ့ကြရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရော်ဘာစိုက်တောင်သူအချို့မှာ ရော်ဘာတစ်ပင်လုံး ခုတ်လှဲရောင်းချ ခြင်းမပြုဘဲ သင့်လျော်သော အမြင့် ၁၀ ပေ မှ ပေ ၂၀ အကြားတွင် ရော်ဘာကိုင်းများကို ခုတ်ချ ရှင်းလင်းပြီး ထင်းအဖြစ် သုံးစွဲကြသည်။ ထိုသို့ခုတ်လှဲရှင်းလင်းခြင်းဖြင့် အလင်းရောင်နှင့် နေရောင်ခြည်ကောင်းစွာရရှိလာသော ရော်ဘာပင်များအကြားတွင် ကွမ်းသီးပင်များကို စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ကျန်ရှိသော ရော်ဘာပင်စည်အပိုင်းတွင်မူ အစေးလှီး၍ ရော်ဘာပြားထုတ်လုပ်ခြင်းများ ရနိုင်သရွေ့ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် ခုတ်ထွင်ရှင်းလင်းခဲ့သော ရော်ဘာပင်ကတုံးများမှ ကိုင်းသစ်များ ပြန်လည်ထွက်ရှိလာကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကွမ်းသီးပင်များအတွက် နွေရာသီတွင် အရိပ်ရသည့်အပြင် ရော်ဘာအစေးလှီးခြင်းလုပ်ငန်းကိုလည်း ဆက်လက်လုပ်ဆောင်နိုင်သောကြောင့် စိုက်ပျိုးသူများ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ခင်လေးနွယ် (လိပ်သို)**





○ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် တိုက်စစ်ကစားသမား ရက်ဖို့ဒ် ဝင်လာပြီးနောက် မန်ယူအသင်း၏ တိုက်စစ်ပိုင်း သွင်းဂိုးများ ရရှိသည်အထိ ထက်မြက်ခဲ့သည်။ မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၆ မိနစ်တွင်ရရှိခဲ့ပြီး လူစားဝင်ကစားသမား ရက်ဖို့ဒ်က ဖာနန်ဒက်စ်၏ ဖန်တီးမှုကို လှလှပပပိတ်သွင်း အဆုံးသတ်ခဲ့သည်။ **(ယာပုံ)** ထို့အပြင် ပွဲချိန် ၈၄ မိနစ်တွင် ရက်ဖို့ဒ် ဒုတိယဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုပြုလုပ်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် မန်ယူအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ယခုနိုင်ပွဲကြောင့် ၁၆ ပွဲကစားပြီး ၃၂ မှတ်အထိ ရရှိလာပြီဖြစ်သည်။ ပြိုင်ဘက် ဝုဖ်အသင်းက ၁၇ ပွဲကစားပြီး ရမှတ် ၁၃ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။

ဘုန်းမောက်နှင့် ပဲလေ့စ်ပွဲတွင် ပဲလေ့စ်က နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရပြီး ဖူလ်ဟမ်က ဆောက်သမ်တန်ကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရသည်။ မန်စီးတီးနှင့် အဲဗာတန် တစ်ဂိုးစီသရေ၊ နယူးကာဆယ်နှင့် လိဒ်စ် ဂိုးမရှိ သရေဖြစ်ခဲ့သည်။

**အောင်ဇော်**

## ဖေ့စ်၏ ကိုယ့်ဂိုးကိုယ်သွင်းဂိုးများကြောင့် လက်စတာကိုနိုင်ခဲ့သည့် လီဗာပူး



ဒီဇင်ဘာ ၃၁ ရက် နံနက် ၂ နာရီခွဲက အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၁၈) မှ လီဗာပူးနှင့် လက်စတာအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဦးဆောင်ဂိုးကို ပွဲချိန် ၄ မိနစ်တွင် လက်စတာအသင်းက ရရှိခဲ့ပြီး ဒူးစ်ဘူရီဟောလ်က သွင်းယူပေးခဲ့သည်။ သို့သော်လည်း ပွဲချိန် ၃၈ မိနစ်နှင့် ၄၅ မိနစ်တွင် လက်စတာအသင်းမှ ခံစစ်ကစားသမား ဖေ့စ်က နှစ်ဂိုးစလုံး ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ လီဗာပူးအသင်း သွင်းဂိုးနှစ်ဂိုး ရရှိခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများ ရှိသော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် လီဗာပူးအသင်းက ပွဲချိန်တစ်လျှောက် လက်စတာအသင်းကို ဖိအားပေး ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားများ ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

ယခုအနိုင်ပွဲကြောင့် လီဗာပူးအသင်းက ၁၆ ပွဲကစားပြီး ရမှတ် ၂၈ မှတ် ရရှိကာ ပြိုင်ဘက် လက်စတာအသင်းက ၁၇ ပွဲကစားပြီး ရမှတ် ၁၇ မှတ် ရရှိထားသည်။

## ဗယ်လာဒိုလစ်အသင်းကို ရီးရဲမက်ဒရစ်အသင်း ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၅) မှ ဗယ်လာဒိုလစ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၃ နာရီက ဗယ်လာဒိုလစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းမှ ဘင်ဇီမာ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးရယူနိုင်ခဲ့သည်။ ပထမဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရရှိခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ပြည့်ခါနီးတွင် ရယူနိုင်ခဲ့သည်။

ဗယ်လာဒိုလစ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ဆာဂျီယိုလီယွန် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက်ပိုင်း လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရကာ သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသောကြောင့် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ယခုအနိုင်ပွဲကြောင့် ရီးရဲမက်ဒရစ်အသင်းက ၁၅ ပွဲကစား၊ ရမှတ် ၃၈ မှတ်ရရှိပြီး ပြိုင်ဘက် ဗယ်လာဒိုလစ်အသင်းက ၁၅ ပွဲကစားပြီး ၁၇ မှတ်သာ ရရှိထားသည်။

## သတင်းတိုများ

- ဘင်ဖီကာမှ အာဂျင်တီးနားကွင်းလယ် ကစားသမား အန်ဇိုဖာနန်ဒက်ဇ် ချယ်ဆီးသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။
- အသင်းဟောင်း နာပိုလီသို့ ချယ်ဆီးကစားသမား ဂျော်ဂျင်ဟို ပြန်သွားလိုကြောင်း သိရသည်။
- အဲဗာတန်နှင့် ဝက်ဖို့ဒ် တိုက်စစ် ကစားသမားဟောင်း ဒီလိုဖူကို ခေါ်ယူရန် ဗီလာ စိတ်ဝင်စားနေသည်။

## ဆော်ဒီကလပ် အယ်နာဆာသို့ စီရော်နယ်ဒို ပြောင်းရွှေ့

ခရစ္စတီယာနို ရော်နယ်ဒိုသည် ဆော်ဒီအာရေဗျ ကလပ် အယ်နာဆာအသင်းသို့ ၂၀၂၅ ခုနှစ်အထိ ရှိမည်ဖြစ်သည့် စာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီက အင်တာဗျူးတစ်ခုတွင် မန်ယူအသင်းနှင့် နည်းပြကို ဝေဖန်တိုက်ခိုက်သည်ဟူသော အငြင်းပွားဖွယ်ရာအကြောင်းပြချက်ဖြင့် မန်ယူအသင်းနှင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းထားသောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် စီရော်နယ်ဒိုသည် ဘောလုံးသမိုင်းတစ်လျှောက်တွင် တစ်နှစ်လျှင် ပေါင် ၁၇၇ သန်းဖြင့် လုပ်ခလစာ အမြင့်မားဆုံးရရှိသည့် ကစားသမားတစ်ဦးလည်း ဖြစ်လာမည် ဖြစ်သည်။ အယ်နာဆာအသင်းသည် ဆော်ဒီပရိုလိဂ်ချန်ပီယံအဖြစ် ကိုးကြိမ်တိုင်တိုင် ဖလားဆွတ်ခူး အောင်ပွဲခံနိုင်




သည့်အသင်းဖြစ်ပြီး စီရော်နယ်ဒိုကို ခေါ်ယူပြီး သမိုင်းဝင် စာချုပ်ချုပ်ဆိုမှုကို လုပ်ဆောင်နိုင်ခဲ့သည်။

စီရော်နယ်ဒိုသည် အိုးထရက်ဖို့ဒ်၌ ပျော်ရွှင်နေသောကြောင့် ပြီးခဲ့သည့်နွေရာသီတွင် အခြားသော ဆော်ဒီ ကလပ်ဖြစ်သည့် အယ်ဟီလ်ရယ်အသင်း၏ ပေါင် ၃၀၅ သန်းကမ်းလှမ်းမှုကို ပယ်ချခဲ့ဖူးကြောင်း သိရသည်။

**လင်းလက်ကြယ် – စုစည်းသည်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”

“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို၊ ပဲတီစိမ်းနှင့် နွေစပါးစိုက် တောင်သူများကို သွင်းအားစုများ ထောက်ပံ့

နေပြည်တော် ဒီဇင်ဘာ ၃၁

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးသွင်းအားစု ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ခန်းမ၌ ကျင်းပသည်။**




အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး ဦးစီးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပဲတီစိမ်းစိုက်တောင်သူများ၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစုအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သမဝါယမစနစ်ဖြင့် စိုက်ပျိုးမည့် ပဲတီစိမ်းနှင့် နွေစပါးစိုက်ဧကများနှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရာသီအလိုက် လျာထားဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်း စိုက်ပျိုးမည့် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၂ သိန်းနှင့်ညီမျှသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများပေးအပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တောင်သူလယ်သမားများ၏ ပန်းတိုင်အထွက်နှုန်းတိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်မားပြီး ကြွေးမြီကင်းရှင်းသော မိသားစုဘဝများ ပိုင်ဆိုင်စေလို၍ ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲတီစိမ်း စိုက်တောင်သူများအနေဖြင့် လာမည့်နွေစပါးစိုက်ရာသီတွင်လည်း အားသွန်ခွန်စိုက် ကြိုးစားကြစေလိုကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများဖြစ်သော ပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းအစုအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရေး၊ နိုင်ငံတော်၏ စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသော ကျေးရွာများတွင် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း၊ တံတားများ ဖောက်လုပ်ပေးရေး၊ ကျေးရွာမီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ရှိ ပဲတီစိမ်းစိုက် ၆၇၅၈၈ ဧက၊ တောင်သူ ၈၆၂၇ ဦး အတွက် ဓာတ်မြေဩဇာအိတ် ၃၃၇၉၀ ၊ ရွက်ဖျန်းအားဆေး၁၆၈၉၅ ဘူး၊ ပိုးသတ်ဆေး / မှိုသတ်ဆေးဘူး ၃၃၇၉၀ နှင့် ပေါင်းသတ်ဆေးဘူး ၃၃၇၉၀ တို့ကို ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ခရိုင်ဦးစီးမှူးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်ခန်းမအတွင်း ခင်းကျင်းပြသထားသော စိုက်ပျိုးရေး သွင်းအားစုပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် ယွန်းလှျံလယ်ယာအထောက်အကူပြုစခန်း၌ ကျင်းပသော နွေစပါးစိုက်ပျိုးမည့် တောင်သူများကို မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားများ ပြောကြားကြပြီး ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ယွန်းလှျံလယ်ယာအထောက်အကူပြုစခန်း ရှေ့ပြေးစီမံကိန်း ဥက္ကဋ္ဌ ဦးအောင်မျိုးဦးတို့က ရေတာရှည်မြို့နယ်၏ နွေစပါးစိုက် တောင်သူ ၃၈၇ ဦး၊ စိုက်ပျိုးဧက ၁၈၀၀ အတွက် ဓာတ်မြေဩဇာအိတ် ၃၆၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် နွေစပါးစိုက်တောင်သူများ ကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃၁


သပိတ်ကျင်းမြို့နယ် ကဘဲ့ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ယာအဝင်လမ်း၌ သန့်ရှင်းရေးမဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးစီးပုံ။

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင် တစ်ခုရှိရန် အလွန်လိုအပ် အရေးကြီးလှပါသည်။ မိမိတို့ တစ်ဦးချင်း နေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှ သာလျှင် သန့်ရှင်းသာယာလှပသောမြို့၊ ရွာ Clean City၊ Clean Village များ ဖြစ် လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်သည်။

